ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ သောကြာနေ့။ Friday, 24 March 2023 ၁၁၀၄၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ**

စာမျက်နှာ » ၄

**နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်း ညီညွတ်ရေး ပါတီ(UWSP)၊ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် အဖွဲ့(NDAA)နှင့် ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယ နေ့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၅

**အမှန်တကယ် အကူအညီ လိုအပ်နေသည့် ပြည်သူများ အတွက် ပိုမိုကျယ်ပြန့်သော လူသားချင်းစာနာမှု အကူအညီများ ပေးအပ်နိုင်ရေး ဆွေးနွေး**

စာမျက်နှာ » ၈




# မဟာသင်္ကြန်ရုံးပိတ်ရက်ကာလ ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်စေရန် သင်္ကြန်အထူးရထားများ တိုးချဲ့ပြေးဆွဲမည်

ရန်ကုန် မတ် ၂၃

မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ကြစေရန်အတွက် မြန်မာ့မီးရထားမှ ရန်ကုန်-မန္တလေး-ရန်ကုန်၊ နေပြည်တော်-ရန်ကုန်-နေပြည်တော်နှင့် ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ် ပုံမှန်ရထားများအပြင် သင်္ကြန်အထူးရထားများကို တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၇ ရက်တွင် ပြေးဆွဲသွားမည့် ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားသည် ရန်ကုန်ဘူတာကြီးမှ ည ၇ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ မန္တလေးဘူတာသို့ နောက်နေ့မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ မန္တလေး-ရန်ကုန်သင်္ကြန်အထူးရထားသည် မန္တလေးဘူတာမှ ညနေ ၆ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာကြီးသို့ နောက်နေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ နေပြည်တော်-ရန်ကုန် သင်္ကြန်အထူးရထားသည် နေပြည်တော်ဘူတာမှ ညနေ ၆ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာကြီးသို့ နောက်နေ့နံနက် ၇ နာရီ မိနစ်၂၀ တွင်လည်းကောင်း ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

**ရေအသက် တစ်မနက်... ရေကို မဖြုန်းနဲ့၊ မညစ်ညမ်းပါစေနဲ့**

ဆောင်းပါး

စာမျက်နှာ » ၆



**(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီး**

စာမျက်နှာ » ၉

ကြေးမုံ

# သက်ရှိများထာဝရရှင်သန်ရေး ရေချိုစနစ်တကျခန့်ခွဲအသုံးပြု

မြန်မာတို့၏အစဉ်အလာတွင် “ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်”၊ “ရွှေကိုမလို ရေကိုလို”၊ “ရေကြည်ရာ မြက်နုရာ”၊ “ရေတစ်အိုး မိုးတစ်ပေါက်” စသည့် ဥပမာဆိုရိုးစကားများရှိပါသည်။ ရေ၏တန်ဖိုးကို ရေငတ်သည့်အခါမှ သိရှိရသလို ရေမရှိသည့်အခါတွင် မည်မျှဆင်းရဲဒုက္ခရောက်ကြရသည်ကို အားလုံး သိရှိထားကြသည်။ ရေတန်ဖိုးကို ရေမရှိသည့်အခါမှသိသော်လည်း ရေအလုံအလောက်ရှိသည့်အခါတွင် ရေကိုတန်ဖိုးထားရကောင်းမှန်းမသိသည့် အလေ့အထများလည်းရှိကြသည်။

ရေနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်တို့ကို တာဝန်ရှိသူတို့က မကြာမကြာ အသိပေးလေ့ရှိသလို တစ်ကမ္ဘာလုံးဆိုင်ရာအနေဖြင့် နှစ်စဉ် မတ်လ ၂၂ ရက်နေ့ ရောက်တိုင်း “ကမ္ဘာ့ရေနေ့” ဟုအထူးပြု၍ ရေသဘာဝ၊ ရေဖြစ်တည်မှု၊ အနာဂတ် အလားအလာ၊ ရေတန်ဖိုးတို့ကို အထူးပြုအသိပေးနှိုးဆော်ကြသည်။ ရေသည် လူ့ဘဝအတွက်သာမက သက်ရှိလောကတစ်ခုလုံးအတွက် အရေးအကြီးဆုံး သဘာဝ ပစ္စည်းဖြစ်သည်။ ရေမရှိပါက သက်ရှိလောကကြီးတစ်ခုလုံး ပျက်သုဉ်းသွားမည်မှာ ဧကန်ဖြစ်သည်။ မြန်မာနိုင်ငံ၌ သဘာဝအလျောက် ရေရှားပါးသည့်အရပ်များမှလွဲ၍ ဒေသအားလုံးတွင် သောက်သုံးရေအတွက် ပူပန်စရာမရှိဘဲ အလုံအလောက်ရှိနေသည်မှာ ကံကောင်းသည့် သဘာဝလက်ဆောင်ဖြစ်သည်။

သန့်ရှင်းပြီး အနံ့အရသာမရှိသောရေသည် လူသားများ နေ့စဉ်အသုံးပြုနေသည့် ကျန်းမာရေးနှင့်ညီညွတ်သောပစ္စည်းဖြစ်သည်။ အန္တရာယ်ရှိသည့် ဓာတုပစ္စည်းများ လုံးဝမပါဝင်ဘဲ အရောင်အဆင်း အနံ့အရသာကင်းသည့်ရေမဟုတ်ပါက ညစ်ညမ်းသည့်ရေ သို့မဟုတ် သုံးစွဲရန် မသင့်သည့်ရေဟု သတ်မှတ်ရမည်ဖြစ်သည်။ ဤကမ္ဘာကြီး၏ ၇၁ ရာခိုင်နှုန်းသည် ရေထုက ဖုံးလွှမ်းထားပြီး ကုန်းမြေထုမှာ ၂၉ ရာခိုင်နှုန်းသာရှိသည်။ ရေထုပမာဏမှာ အဆများစွာရှိပြီး ၉၆ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် ပင်လယ်၊ သမုဒ္ဒရာအတွင်းမှ သောက်သုံး၍မရသော ရေငန်များဖြစ်သည်။ ကျန် ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် ရေချို သို့မဟုတ် ပြန်လည်ပြည့်ဖြိုးမြဲရေဖြစ်သည်။ အဆိုပါရေထုတွင် ရေခဲတောင်၊ ရေခဲပြင်များသည် ၆၈ ရာခိုင်နှုန်းရှိပြီး မြေအောက်ရေသည် ၃၀ ရာခိုင်နှုန်းခန့်သာရှိရာ မြေပြင်ပေါ်ရှိ ရေအားလုံး၏ သုည ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရေချိုဖြစ်သည်ဟု သိရသည်။

ကမ္ဘာကြီးတွင် မြို့ပြများနှင့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ သက်ရှိလူသတ္တဝါများ နှစ်စဉ် အလျင်အမြန် တိုးပွားလျက်ရှိရာ လူတို့အသုံးပြုသည့် ရေချိုနှင့်ပတ်သက်၍ အနာဂတ်တွင် လိုအပ်ချက်များ ကြီးမားစွာဖြစ်ပေါ်လာမည် ဖြစ်သည်။ လက်ရှိကာလ၌ ကမ္ဘာပေါ်ရှိအချို့နိုင်ငံများသည် ရေချိုမလုံလောက်သဖြင့် အခြားနိုင်ငံမှ ရေချိုကို ဝယ်ယူအသုံးပြုရခြင်း၊ ပင်လယ်ရေငန်ကို ပြုပြင်သုံးစွဲခြင်း၊ စွန့်ပစ်ရေဆိုးကို ပြန်လည်ပြုပြင်သုံးစွဲခြင်းတို့ ပြုလုပ်နေရသည်။ မြန်မာနိုင်ငံ အနေဖြင့် မြစ်ချောင်း၊ အင်းအိုင်များ၊ သဘာဝရေထွက်များ စသည့်ပုံစံအမျိုးမျိုးဖြင့် ရေချိုအရင်းအမြစ်များပြားပြီး တစ်ကမ္ဘာလုံး ရေချိုပိုင်ဆိုင်မှု၏ ၁ ဒသမ ၇ ရာခိုင်နှုန်း ရှိသည်ဟုသိရသည့်အတွက် မြန်မာသည် ရေချိုအရင်းအမြစ်ပေါများသည်။ သို့သော် မြန်မာနိုင်ငံ၏အချို့ဒေသများနှင့် အပူပိုင်းအညာဒေသ၊ မိုးခေါင်ရေရှားဒေသများတွင် နွေရာသီကာလများ၌ သောက်သုံးရေအခက်အခဲများရှိပြီး လူမှုစီးပွားဘဝများ၌ အဆင်မပြေမှုများရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ရေချိုပေါများသည်ဆိုသော်လည်း ဖြစ်ပေါ်လာနေသည့် စိန်ခေါ်မှုအမျိုးမျိုးတို့ကြောင့် အနာဂတ်ကာလတွင် ကြုံတွေ့လာရနိုင်သည့် ရေချိုပြဿနာများကို ကြိုတင်တွက်ဆ၍ ရေချိုစီမံခန့်ခွဲမှုနှင့် အသုံးပြုမှုတို့ကို စနစ်တကျဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများနှင့် ရေဆိုင်ရာအခက်အခဲပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲရေးဗဟိုကော်မတီ၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၊ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီတို့ကို စနစ်တကျဖွဲ့စည်းပြီး ရေနှင့် ပတ်သက်သော ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများအားလုံး ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။ ရေအသုံးပြုသည့် ပြည်သူများအကြား ရေရှည်တည်တံ့သည့် ရေအသုံးချမှုနှင့်ပတ်သက်သော အသိပညာ၊ ဗဟုသုတ၊ နည်းပညာများ၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသအားလုံး၊ သက်ရှိအားလုံး ရေချိုအလုံအလောက်ရှိစေရေး အတွက် အမျိုးသားရေးကိစ္စရပ်အဖြစ် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်သည်ဖြစ်ရာ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် လက်ရှိအသုံးပြုနေသော ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲမှု၊ ပြည်သူများအနေဖြင့် ရေချိုများကို စနစ်တကျအသုံးပြုမှုများ ပြုလုပ်နိုင်အောင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## သတိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ၂၇-၃-၂၀၂၃ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် ရန်ကုန်-မန္တလေး လမ်းဟောင်း ပျဉ်းမနားမြို့နယ် ဘောဂသီရိမီးပွိုင့်မှ ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက် ၅ နာရီမှ ၁၀ နာရီထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများအနေဖြင့် ၎င်းနေ့တွင် နေပြည်တော်-ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံမီးပွိုင့်မှ နိဗ္ဗာန်လမ်း (မြို့ပတ်လမ်း)အတိုင်း ခွာညိုပန်းအဝိုင်းအထိ ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း ကုမုဒြာကြာပန်းအဝိုင်းအထိ၊ ရာဇဋ္ဌာနီလမ်းအတိုင်း ပျဉ်းမနားမြို့နယ် ပန်းခင်းလမ်းမီးပွိုင့်-ဘောဂသီရိမီးပွိုင့်မှတစ်ဆင့် ရန်ကုန်-မန္တလေး လမ်းဟောင်းမှ လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## အစိုးရဓမ္မာစရိယစာမေးပွဲ (တတိယနေ့)ကျင်းပ

နေပြည်တော် မတ် ၂၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (တတိယနေ့) တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ ဌာနတို့၌ စာဖြေစာရင်းသွင်း ၁၃၈၈၀ ပါး/ဦး အနက် ၁၁၁၅၉ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၄၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၂၀၀ | ၃၇ | ၃၀၃,၉၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၅၈၅ | ၁,၈၄၂,၇၅၀ |
| MCB | ၇,၅၀၀ | ၇,၃၀၀ | ၃ | ၂၂,၁၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၂,၀၂၈ | ၃,၁၄၃,၄၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၁၀၀ | ၂၆၅,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၁ | ၄,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၂၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၈၅.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၇.၅၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၆၂၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၅.၃၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၂၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၂.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၈၂.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၆၀၁.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၃.၄၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော် ရုံးအမှတ် (၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံ နယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်များ၊ ရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စနှင့် နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့် အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း (၆၃)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်





နေပြည်တော် မတ် ၂၃

(၆၃)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့တွင်နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ် မတ် ၂၃ ရက် ရောက်တိုင်း ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပကြောင်း၊ ယခု ၂၀၂၃ ခုနှစ် ကမ္ဘာ့မိုးလေဝသနေ့ ဆောင်ပုဒ်မှာ **“အနာဂတ် မိုးလေဝသ၊ ရာသီဥတုနှင့် ရေသယံဇာတ ဖွံ့ဖြိုး ကောင်းမွန်ဖို့ မျိုးဆက်အားလုံး အလေးထားဆောင်ရွက်ကြပါစို့ (The Future of Weather, Climate and Water across Generations)”** ဖြစ်ပါကြောင်း၊ ယခုအခါ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးလေဝသ၊ ဇလဗေဒနှင့် ရာသီဥတုဆိုင်ရာ အစွန်းရောက် အဖြစ်အပျက်များသည် ကမ္ဘာ့နေရာအနှံ့အပြားတွင် ပိုမိုဖြစ်ပွားလာလျက်ရှိရာ အထူးသဖြင့် ကျွန်းနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ အနေဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အခံရဆုံးဖြစ်ပါကြောင်း၊ ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်၏ ထုတ်ပြန်ချက်များအရ ၂၀၁၆ ခုနှစ်သည် ကမ္ဘာ့ အပူဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ထားပါကြောင်း၊ တစ်ဖန် ၂၀၂၀ ပြည့်နှစ်ကတည်းက စတင်ခဲ့သည့် လာနီညာဖြစ်စဉ်မှာ ၂၀၂၂ ခုနှစ်ထိတိုင် သုံးနှစ်ဆက်တိုက် လာနီညာအဖြစ် သမိုင်းဝင်ခဲ့ပါကြောင်း၊ သို့သော် အဆိုပါ လာနီညာဖြစ်စဉ်များသည် လက်ရှိကမ္ဘာကြီး ပူနွေးလာနေမှုကို လွှမ်းမိုးနိုင်ခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ၂၀၂၂ ခုနှစ်အပြီး ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်၏တစ်နှစ်တာလေ့လာသုံးသပ်ချက်များအရ ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်မှာ ယခင်စက်မှု မထွန်းကားမီ ခေတ်ကာလများထက် ၁ ဒသမ ၀၆ ဒီဂရီစင်တီဂရိတ် ကျော်လွန်နေပြီ ဖြစ်ပါကြောင်း၊ ကမ္ဘာကြီး ပူနွေးလာမှုကြောင့်လည်း ရေခဲတောင်များ အရည်ပျော်ကာ ပျမ်းမျှ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုသည် ၁၈၈၀ ပြည့်နှစ်ထက် ၂၄ စင်တီမီတာခန့် မြင့်တက်နေပြီး အချို့သော ကျွန်းနိုင်ငံများမှာ စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်နေကြရပါကြောင်း၊ ထို့အပြင် မိုးရွာသွန်းမှုပုံစံပြောင်းလာပြီး အချိန်အခါမဟုတ် မိုးပြင်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလာသကဲ့သို့ အခြားတစ်ဖက်တွင်လည်း မိုးခေါင်ခြင်းနှင့် ရေပြတ်လပ်မှုဖြစ်စဉ်များ နှစ်စဉ်ကြုံတွေ့နေရပါကြောင်း၊ ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သော ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကွန်းဗင်းရှင်းတွင် စက်မှု မထွန်းကားမီကာလနှင့် နှိုင်းယှဉ်၍ အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထက် ပိုမိုတိုးလာမှုကို လျှော့ချနိုင်ရေးအတွက် သဘောတူ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါကြောင်း၊ ယခုအခါ ရာသီဥတုပြောင်းလဲမှုနှုန်းသည် အရှိန်အဟုန်မြင့် မြန်ဆန်လာသည့်အတွက် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ သဘာဝဘေးအန္တရာယ်များ ခံစားရမှုကို လျှော့ပါးသက်သာလာစေရေးနှင့် အနာဂတ်မျိုးဆက်များ ကောင်းမွန်စွာ ရှင်သန်နိုင်ရေးအတွက် ပြည်သူအားလုံး လက်တွဲပူးပေါင်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ဆုချီးမြှင့်**

ထို့နောက် ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် Professor Petteri Taalas ၏ သဝဏ်လွှာဗီဒီယိုနှင့် မိုးလေဝသနှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ Video Clip တို့ကို ပြသခဲ့ပြီး ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဆုချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ဖိတ်ကြားထားသော ဧည့်သည်တော်များသည် အခမ်းအနားတွင် ခင်းကျင်းပြသထားသော မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

**ဖတ်ကြားဆွေးနွေး**

မွန်းလွဲပိုင်းတွင် မိုးလေဝသ၊ ဇလဗေဒ၊ မြေငလျင်ဘာသာရပ်ဆိုင်ရာ စာတမ်း ကိုးစောင်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့က ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးညှင်းမြို့နယ် သမဝါယမအသင်းများမှ အသင်းသားတောင်သူများ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုး

နေပြည်တော် မတ် ၂၃

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ သမဝါယမအသင်း ငါးသင်း၏ အသင်းသားတောင်သူ ၃၉၀ တို့က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် ပဲပုပ်စိုက်ဧက ၄၄၇ ဧက၊ နေကြာစိုက်ဧက ၁၀၂ ဧက စုစုပေါင်းစိုက်ဧက ၇၄၉ ဧက စိုက်ပျိုးထားရှိသည်။

ယခုအခါ အသင်းသားတောင်သူများ စိုက်ပျိုးထားရှိသည့် ပဲပုပ်ပင် (တောင်သူအခေါ် ခေါင်ကြား၊ စိုက်ပျိုးရေးအခေါ် ရေဆင်း-၁၁) များမှာ ရက် ၁၀၀ ကျော်နေပြီဖြစ်၍ ပန်းများပွင့်နေပြီ ဖြစ်ကြောင်းနှင့် နေကြာမျိုးစေ့ (ဆင်းရှေကြာ-၂) ကိုလည်း စိုက်ပျိုးထားရှိရာ ဧပြီနှင့်မေလတို့တွင် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



နေပြည်တော် မတ် ၂၃

မတ် ၂၃ ရက်တွင် ကျရောက်သော မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု တည်ထောင်ခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသော အထိမ်းအမှတ်အခမ်းအနားအဖြစ် မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ၏ အောင်မြင်မှုပြပွဲနှင့် ညှော့ခံပွဲအခမ်းအနားကို နေပြည်တော်ရှိ M-Gallery ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးစီမံကိန်းများ အကောင်အထည်ဖော်ခဲ့သည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့်သံတမန်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများက မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ၏ အောင်မြင်မှုပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ညှော့သည်တော်များသည် ပြပွဲအတွင်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဝန်ကြီးဌာန ၁၇ ခုက ပူးပေါင်းဆောင်ရွက်မှုဧရိယာ ၃၄ ခု၌ အကောင်အထည်ဖော်ခဲ့သည့် စီမံကိန်း ၉၂ ခုမှ ရလဒ်များပြသထားမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

**မိန့်ခွန်းပြောကြား**

ဆက်လက်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ (၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ညှော့ခံပွဲကို အဆိုပါ ဟိုတယ်၌ ဆက်လက်ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မိန့်ခွန်းပြောကြားရာ ဒေသတွင်း အလုံးစုံပါဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရာတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှရရှိသည့် အကျိုးကျေးဇူးများ၊ မြန်မာပြည်သူများအတွက် အထူးရန်ပုံငွေစီမံကိန်းများမှတစ်ဆင့် အထောက်အကူပြုမှုများ၊ ဒေသတွင်း ငြိမ်းချမ်းမှု ထိန်းသိမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရာတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ မူဝါဒများ၏ အရေးပါမှုတို့ကို ထည့်သွင်းပြောကြားခဲ့ပြီး အထူးရန်ပုံငွေ ထောက်ပံ့သည့် တရုတ် ပြည်သူ့သမ္မတနိုင်ငံအား ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က အထိမ်းအမှတ်မိန့်ခွန်း ပြောကြားသည်။

ထို့နောက် ညှော့ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ညှော့သည်တော်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကိုပြသသည်။ ဆက်လက်၍ ညစာစားပွဲကျင်းပရာ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်သံအမတ်ကြီးမစ္စတာချန်းဟိုင်တို့က ဂုဏ်ပြုလက်ဆောင် ပန်းခြင်းများ ပေးအပ်ချီးမြှင့်ကြသည်။

**စတင်တည်ထောင်ခဲ့**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၆ ခုနှစ် မတ် ၂၃ ရက်တွင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားရန်ရည်ရွယ်၍ စတင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။ လက်ရှိတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် ပူးတွဲထမ်းဆောင်လျက်ရှိသည်။

**သတင်းစဉ်**

# မြေသြဇာကော်မတီ၏ (၃၈) ကြိမ်မြောက်အစည်းအဝေး ကျင်းပ



နေပြည်တော် မတ် ၂၃

မြေသြဇာကော်မတီ၏ (၃၈)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြေသြဇာကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြေသြဇာကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြေသြဇာကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မြေသြဇာကော်မတီ၏ လုပ်ငန်းတာဝန်များသည် တောင်သူလယ်သမား အခွင့်အရေး၊ ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးကို တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအတွက် အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်သည့် ဓာတ်မြေသြဇာများ အသုံးပြုနိုင်ရန် မြေသြဇာကော်မတီက တည်ဆဲဥပဒေများနှင့်အညီ ထိန်းကျောင်းကြပ်မတ်လျက်ရှိသကဲ့သို့ စိုက်ပျိုးရေးသွင်းအားစုဆိုင်ရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးလာရေးကိုလည်း အားပေးလျက်ရှိကြောင်း၊ ခွင့်ပြုပေးခဲ့ပြီးဖြစ်သည့် မြေသြဇာမှတ်ပုံတင်များအရ လုပ်ကိုင်ဆောင်ရွက်နေမှုများအပေါ် စနစ်တကျ စောင့်ကြည့်စစ်ဆေးကြပ်မတ်ရန်လိုကြောင်း၊မြေသြဇာကော်မတီအနေဖြင့် မြေသြဇာနှင့်ဆိုင်သည့် နည်းပညာနှင့် စီမံခန့်ခွဲမှုနည်းပညာများကို အတည်ပြုသုတေသနလုပ်ရန် လိုကြောင်း၊ အလားတူ တောင်သူများ၏ ဓာတ်မြေသြဇာသုံးစွဲမှုနှင့် သဘာဝမြေသြဇာသုံးစွဲမှုအပေါ် လေ့လာပြီး လိုအပ်သော နည်းပညာပေးလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြေသြဇာကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် လုပ်ငန်းစာတွဲများအား တင်ပြရာ အကြောင်းအရာတစ်ခုချင်းအလိုက် အစည်းအဝေးတက်ရောက်လာကြသူများက စိစစ်ဆွေးနွေး ဆောင်ရွက်ခဲ့ကြသည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသည့် မြေသြဇာများ အရည်အသွေးနှင့် စံချိန်စံညွှန်းကိုက်ညီစေရန် မြေသြဇာဆိုင်ရာနည်းပညာအဖွဲ့၏ စစ်ဆေးထောက်ခံချက်ဖြင့် မြေသြဇာမှတ်ပုံတင် ထုတ်ပေးနိုင်ရေးကို မြေသြဇာကော်မတီ အစည်းအဝေးများက စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ (၃၇) ကြိမ်မြောက်အစည်းအဝေး ပြီးဆုံးချိန်အထိ မြေသြဇာမှတ်ပုံတင် စုစုပေါင်း ၉၈၆၁ စောင်ကို ခွင့်ပြုပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

ဧပြီ ၈ ရက်တွင် ပြေးဆွဲသွားမည့် ရန်ကုန်-မန္တလေး သကြံန်အထူးရထားသည် ရန်ကုန်ဘူတာကြီးမှ ည ၇ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ မန္တလေးဘူတာသို့ နောက်နေ့မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ မန္တလေး-ရန်ကုန် သကြံန်အထူးရထားသည်လည်း မန္တလေးဘူတာမှ ညနေ ၆ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာကြီးသို့ နောက်နေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ ရန်ကုန်-ပြည် သကြံန်အထူးရထားသည် ရန်ကုန်ဘူတာကြီးမှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာ၍ ပြည်ဘူတာသို့ ည ၈ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ ပြည်-ရန်ကုန် သကြံန်အထူးရထားသည် ပြည်ဘူတာမှ ည ၁၀ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာကြီးသို့ နောက်နေ့ နံနက် ၆ နာရီခွဲတွင်လည်းကောင်း ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၁၇ ရက်တွင် ပြေးဆွဲမည့် ရန်ကုန်-မန္တလေး သကြံန်အထူးရထားသည် ရန်ကုန်ဘူတာကြီးမှ ည ၇ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ မန္တလေးဘူတာသို့ နောက်နေ့မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ မန္တလေး-ရန်ကုန်သကြံန်အထူးရထားသည် မန္တလေးဘူတာမှ ညနေ ၆ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာကြီးသို့ နောက်နေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ ရန်ကုန်-နေပြည်တော် သကြံန်အထူးရထားသည် ရန်ကုန်ဘူတာကြီးမှ ညနေ ၅ နာရီခွဲတွင် ထွက်ခွာ၍ နေပြည်တော်ဘူတာသို့ နောက်နေ့နံနက် ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ ရန်ကုန်-ပြည် သကြံန်အထူးရထားသည် ရန်ကုန်ဘူတာကြီးမှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာ၍ ပြည်ဘူတာသို့ ည ၈ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ ပြည်-ရန်ကုန် သကြံန်အထူးရထားသည် ပြည်ဘူတာ မှ ည ၁၀ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာကြီးသို့ နောက်နေ့နံနက် ၆ နာရီခွဲတွင်လည်းကောင်း ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှုအပေါ်မူတည်၍ လိုအပ်ပါက ဧပြီ ၉ ရက်နှင့် ဧပြီ ၁၈ ရက်တို့တွင် အထူးရထားများကို ထပ်မံတိုးချဲ့ ပြေးဆွဲပေးသွားမည်ဖြစ်ရာ သကြံန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်မှ သကြံန်အတက်နေ့ဖြစ်သည့် ဧပြီ ၁၆ ရက်အထိ လူစီးအမြန်ရထားအချို့ ပြေးဆွဲမှုကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း၊ ရထားစီး ခရီးသွားပြည်သူများအတွက် အထက်တန်းလက်မှတ်ကို သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်ကို တစ်ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေနှင့် ရထားလက်မှတ်များကို လျှောက်လွှာများဖြင့် ကြိုတင်ဝယ်ယူစီးနင်းနိုင်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်း-ပွင့်သစ္စာ**

**ဓာတ်ပုံ-စိုးမြင့်အောင်**

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



နေပြည်တော် မတ် ၂၃

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလေ့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဗဟိုနိုင်ငံရေးဦးဆောင်အဖွဲ့ဝင် စဝ်ဆေပိုင်ဖနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပထမနေ့ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသော ကိစ္စများ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောတူညီချက်များရယူကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကာ အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့ ကိုယ်စား “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလေ့ယာကုနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် ကမ္ဘာ့ရေးရာ၊ မြန်မာ့ရေးရာနှင့် တိုင်းရင်းသားရေးရာစာအုပ်များနှင့် လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု) ၏ (၇၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ




နေပြည်တော် မတ် ၂၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)၏ (၇၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီခွဲက အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဝန်ဇင်း မင်းရာဇာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဌာနမှူး/ပါမောက္ခများ၊ အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာန၏ ဦးစီးဌာနကြီးသုံးခုမှ မဏ္ဍိုင် ၃ ရပ်ဖြင့် တာဝန်ဝတ္တရားများကို ခေတ်သမိုင်း အဆက်ဆက်တွင် မိမိတို့၏ မူလတာဝန်ဝတ္တရားများအပြင် ခေတ်နှင့်လျော်ညီသည့် တာဝန်များကိုပါ တိုးချဲ့ဖြည့်စွက်၍ အဆင့်ဆင့်တိုးမြှင့်တာဝန်ယူခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ရှေးရှုပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကို ရေးဆွဲအတည်ပြု ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ရှေးဟောင်းသုတေသနပညာ၊ သမိုင်းသုတေသနပညာ၊ ပြတိုက်ပညာ၊ စာကြည့်တိုက်ပညာ၊ အဆို၊ အတီး၊ အက၊ ပန်းချီ၊ ပန်းပုအစရှိသည့် အနုသုခုမပညာရပ်များကို ပညာရှင်များ အဆက်ဆက်ထံမှ လက်ဆင့်ကမ်းပြီး မျိုးဆက်သစ် အမွေဆက်ခံခြင်း၊ တက္ကသိုလ်နှင့် ပညာရပ်ဆိုင်ရာကျောင်းများ၊ အထက်တန်းအဆင့် ကျောင်းများ တည်ထောင်၍ သင်တန်းဆင်း အောင်လက်မှတ်များ၊ ဘွဲ့များ၊ ဘွဲ့လွန်ဒီပလိုမာများ ပေးအပ်ခဲ့သည့်အပြင် မျိုးဆက်သစ်များ မွေးထုတ်ပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာနှင့်ချိတ်ဆက်၍ ယဉ်ကျေးမှုဖလှယ်ပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် သင်တန်းသားများကို ပြည်ပသို့ စေလွှတ်သင်ကြားစေခြင်း၊ မိမိနိုင်ငံတွင် လက်ခံသင်ကြားပေးခြင်းအပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၊ ယူနက်စကိုအဖွဲ့ကြီးတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ယူနက်စကိုအဖွဲ့သို့ ယဉ်ကျေးမှုအမွေအနှစ် ဒေသများအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရောက်ရေး ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသတွင်း အာဆီယံနိုင်ငံများ၊ အာဆီယံမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကိုလည်း ဆောင်ရွက်နေပါကြောင်း။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသဖြစ်သော ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း ထိန်းသိမ်းထားမှုများအား နိုင်ငံတော်ဝန်ကြီးချုပ်က သွားရောက်လေ့လာခဲ့ရာတွင် များစွာအားရကျေနပ်မှု ရှိပါကြောင်း၊ ဆက်လက်၍လည်း လုပ်ငန်းများအား ရေတိုရေရှည်ခွဲ၍ ဆောင်ရွက်နေရန်လိုပါကြောင်း၊ ယခုဆိုလျှင် မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်ရေး WHC သို့ တင်သွင်းရန်နှင့် အတာသင်္ကြန်အား ကမ္ဘာ့အမွေအနှစ် ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့သည့် ကိစ္စသည်လည်း အရေးကြီးသည့်ကိစ္စဖြစ်ပါကြောင်း။

မိမိ တာဝန်ယူစဉ်ကာလအတွင်း အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်(ရန်ကုန်/ မန္တလေး) တို့တွင် တိုင်းရင်းသားများ ရိုးရာဂီတနှင့် အကပညာရပ်များကိုလည်း တိုးချဲ့သင်ကြား ဆောင်ရွက်လျက်ရှိသည့်အပြင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်း၍ ဒီပလိုမာသင်တန်းများကို ဆက်လက်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

**အဆင်ပြေခဲ့ခြင်းဖြစ်**

“နိုင်ငံဂုဏ်ပြုယဉ်ကျေးမှု”ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သမိုင်းကြောင်းကောင်းမွန်စွာ စဉ်ဆက်မပြတ်ရှင်သန်နေခြင်းသည် စတင်ဖွဲ့စည်းစဉ်ကစ၍ ယနေ့ထက်တိုင် လက်ဆင့်ကမ်း တာဝန်ယူခဲ့ကြသည့် စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ရှိသူများ သက်ဆိုင်ရာ ဘာသာရပ်အလိုက် လုပ်ငန်းကျွမ်းကျင်တတ်မြောက်ကြသည့်ဝန်ထမ်းများ ကျရာတာဝန်ကို မခိုမကပ် အားထုတ်ကြိုးပမ်းမှုများကြောင့် အဆင်ပြေခဲ့ခြင်းဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကောင်းမြတ်သော သမိုင်းကြောင်း အမွေအနှစ်များကို ပခုံးပြောင်းတာဝန်ယူ၍ ယခုရောက်ရှိပြီးသည့် (၇၁)နှစ်မြောက် ဝန်ကြီးဌာန၏ နှစ်ပတ်လည်မှသည် ယဉ်ကျေးမှုရေးရာကဏ္ဍများကို ကမ္ဘာတည်သရွေ့ အမွန့်ရှည်တည်တံ့နိုင်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဌာနတွင်းထူးချွန်ဝန်ထမ်းများ၊ ပြည်ပထူးချွန် ဝန်ထမ်းများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား အမှတ်တရလက်ဆောင်ပေးအပ်ခြင်း၊ ဝန်ထမ်းမိသားစုဝင်များကို ပျော်ရွှင်စွာဖြင့် ကံစမ်းမဲဖောက်ပေးခြင်းနှင့် အဆို၊ အက၊ အကျွေးအမွေးများဖြင့် ဧည့်ခံခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်းဆာ(လီဆူ)ကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

မိုင်းတုံ မတ် ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ပေွအောကျေးရွာအုပ်စု ကုန်းဆာ(လီဆူ)ကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မိုင်းတုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က ကုန်းဆာ(လီဆူ)ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ကျေးရွာတွင်း ကွန်ကရစ်လမ်း မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအားဖြတ်သန်း ကြည့်ရှုစစ်ဆေးကြကာ မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ ၅၇ဝ၊ အကျယ် ၁ဝ ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁ဝ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၂၂ သန်း အသုံးပြုကာ ၂ဝ၂၂ ခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၂၂

# ရေအသက် တစ်မနက်... ရေကို မဖြုန်းနဲ့၊ မညစ်ညမ်းပါစေနဲ့

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)

**မြန်မာတို့ဟာ ဧရာဝတီ၊ စစ်တောင်းနဲ့ သံလွင်မြစ်ကြီးသုံးသွယ်စီးဆင်းရာ လွင်ပြင်ကျယ်ကြီးရှိတာကြောင့် မိုးရာသီမှာ ရေစတုရန်းကီလိုမီတာ ခြောက်သောင်းနဲ့ လွှမ်းခြုံနေပြီး နွေရာသီမှာသာ ရေရှားပါးမှုကို ကြုံရတတ်ပါတယ်။ မြန်မာပြည် မြို့ပြတွေမှာ စိတ်ချရတဲ့ သောက်သုံးရေဖူလုံမှုဟာ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး ကျေးလက်ဒေသတွေမှာတော့ ၅၀ ရာခိုင်နှုန်းရှိပါတယ်။ အခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် မြန်မာတို့ဟာ သဘာဝရေရှားပါးမှုမရှိသေးဘူးလို့ ပြောနိုင်ပါတယ်။ အမြဲစွတ်စိုလျက်ရှိတဲ့ ဧရာဝတီ၊ စစ်တောင်းမြစ်နဲ့ အရှေ့ဘက်ခြမ်းက သံလွင်မြစ်ကြီးသုံးသွယ်တို့ဟာ မြန်မာတို့အတွက် ချမ်းသာဖို့ပါပဲ။**

ရေဟာ ရုက္ခသတ္တလောကတို့ရဲ့ အသက်အတွက် အခြေခံအရင်းအမြစ်ဖြစ်ပါတယ်။ ကျန်းမာရေး၊ စားရေရိက္ခာနဲ့ စီးပွားရေးဖွံ့ဖြိုးမှုတို့ရဲ့ ဇာစ်မြစ်ဖြစ်ပါတယ်။ ရေအသက် တစ်မနက်ဆိုသလို ရေမရှိပါက သစ်ပင်နဲ့သစ်တော မရှိနိုင်၊ တိရစ္ဆာန်နဲ့ လူတို့လည်း ရှိနိုင်မှာမဟုတ်ပါဘူး။ တကယ်တမ်း စဉ်းစားကြည့်ရင် သဘာဝတရားကြီးဟာ လူသတ္တဝါအပေါင်းရဲ့ လိုအပ်ချက်ဖြစ်တဲ့ ရေကို လူသားတို့အသက်ရှင်နိုင်ဖို့သာမက လူနဲ့လူ့ပတ်ဝန်းကျင်မှာရှိတဲ့ သက်ရှိ၊ သက်မဲ့အားလုံးအတွက် ဖြည့်ဆည်းလျက်ရှိပါတယ်။

ကမ္ဘာမှာ သဘာဝအလျောက် သောက်သုံးလို့ရတဲ့ ရေပမာဏဟာ ၂ ဒသမ ၅ ရာခိုင်နှုန်းပဲရှိပါတယ်။ ထုထည်အနေနဲ့ ၃၅ ကုဗကီလိုမီတာသန်းဖြစ်ပါတယ်။ ဒီပမာဏဟာလည်း နေရာတကာမှာ ရနိုင်တာမဟုတ်ဘဲ ဒီပမာဏရဲ့ ၅၀ ရာခိုင်နှုန်းကိုသာ ခုနစ်ဘီလီယံရှိတဲ့ လူထုတို့ မျှဝေသုံးစွဲနေရတာပါ။ နောင်အနှစ် ၂၀-၃၀ ကြာရင် ရေသုံးစွဲမှုပမာဏဟာ ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်လာမယ်လို့ ခန့်မှန်းပါတယ်။ လူသတ္တဝါတွေရဲ့ သဘောသဘာဝအရ ရေကြည်ရာ မြက်နုရာဆိုသလို ရေကြွယ်ဝတဲ့ နေရာဒေသတွေကို ရွှေ့ပြောင်းလုပ်ကိုင်လိုကြတဲ့ဆန္ဒရှိပါတယ်။ ဒါကြောင့် ရေအရင်းအမြစ်ပေါကြွယ်တဲ့ဒေသတွေက သုံးစွဲနိုင်တဲ့ ရေအရင်းအမြစ် အခြေခံအဆောက်အအုံတွေဟာ ရေအခက်အခဲနဲ့ ကြုံတွေ့လာနိုင်ဖွယ်ရှိပါတယ်။

**စိတ်ပူခဲ့ရ**

မိုးရေချိန်နည်း၊ မိုးရွာသွန်းမှုနည်းတဲ့ အညာဒေသတွေမှာ ညောင်ပင်ကြီးတွေ၊ မန်ကျည်းပင်ကြီးတွေနဲ့ ကုက္ကိုပင်ကြီးတွေကို ငယ်စဉ်ကတွေ့ခဲ့ရပါတယ်။ မြန်မာပြည်အလယ်ပိုင်း သဲကန္တာရကြီးဖြစ်နိုင်ပုံကို ပထဝီဝင်ဆရာက သင်တော့ မူလတန်းမောင်ကျောင်းသား ကျွန်တော်ဟာ စိတ်ပူခဲ့ရပါတယ်။ ၁၉၆၀-၁၉၈၈ ခုနှစ်အတွင်း နွေရာသီကျောင်းပိတ်ရက်တွေမှာ မိဘရပ်ထံ ရထားနဲ့ ပြန်လေ့ရှိတဲ့ခေတ်ကို သတိရမိပါတယ်။ ရထားလမ်း၊ ကားလမ်းဘေး ရထားရပ်နားချိန်မှာ ကလေးငယ်လေးတွေဟာ "ရေရမယ် - ရေရမယ်" ဆိုပြီး ခေါင်းပေါ်ရေအိုးလေးတွေရွက်ပြီး ရေရောင်းတာတွေဟာ သတိရစရာဖြစ်ခဲ့ပါတယ်။

"ရေရမယ်၊ ရေရမယ်" လို့ တကြော်ကြော်အော်ပြီး ရေရောင်းနေတဲ့ ကလေးငယ်လေးတွေရဲ့ ဘဝကို တစေ့တစောင်းကြည့်မိပါတယ်။ တစ်နေ့







လုပ် တစ်နေ့စားဘဝနဲ့ ကျောင်းမတက်ရရှာဘဲ မိဘတွေကို ကူညီလုပ်ကိုင်ပေးနေရသလောပေါ့။ ကလေးငယ်အချို့ဆိုရင် ကျောင်းမတက်နိုင်ဘဲ ရေရောင်းရတဲ့ကိစ္စနဲ့ ဘဝကို ရုန်းကန်ခဲ့ရပါတယ်။ pH 7 သောက်ရေသန့်ပုလင်းတွေကို စက်ရုံတွေက ထုတ်ခဲ့တာရှိပေမယ့်လည်း ဖွင့်ရခက်တဲ့ ဒုက္ခနဲ့ ကြုံခဲ့ရတော့ နိုင်ငံဟာ စက်မှုထွန်းကားဖို့ လိုအပ်ကြောင်း ထင်ရှားပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်း တိုင်းရင်းသားလုပ်ငန်းရှင်တွေနဲ့ သောက်ရေသန့်ထုတ်တဲ့စက်ရုံတွေ ဖွံ့ဖြိုးလာလို့ ဘယ်လိုခရီးပဲသွားသွား ပလတ်စတစ်ရေပုလင်းတွေကြောင့် ခရီးသွားပြည်သူတွေ အဆင်ပြေခဲ့ပါတယ်။ ရေရမယ်လို့ တကြော်ကြော်အော်ရောင်းတဲ့ ကလေးငယ်တွေလည်း ရပ်ထားတဲ့ ရထားဘေးက ပျောက်ကွယ်သွားကာ ကျောင်းနေဖို့ဖြစ်လာတော့ တိုးတက်မှုကြီးဖြစ်ခဲ့ပါတယ်။

မြန်မာတို့ဟာ ကံကောင်းလျက်ရှိနေပါသေးတယ်။ ကမ္ဘာ့ရေရှားပါးမှုနဲ့ ကြုံတွေ့နေရတဲ့ နိုင်ငံပေါင်း ၂၅ နိုင်ငံရှိတဲ့အနက် ၁၉ နိုင်ငံဟာ အာဖရိကတိုက်မှာ ရှိနေပါတယ်။ ရေနဲ့ဆက်နွယ်တဲ့ ရောဂါပိုးမွှားကြောင့် အာဖရိကန်အများအပြားရဲ့ သေနှုန်းဟာ အမြင့်မားဆုံးဖြစ်တယ်လို့ ဆိုတယ်။ အိန္ဒိယနဲ့ အာဖရိကနိုင်ငံတွေမှာ မိသားစုအတွင်း ကလေးမိန်းကလေးတစ်ဦးဟာ နေ့စဉ် ရေကောင်းရေသန့်ရရှိဖို့ ၂ - ၃ မိုင် (၄-၇ ကီလိုမီတာ)ခန့် သွားရောက်ပြီး ရေခပ်ရတဲ့ အလုပ်ကိုလုပ်နေရပါတယ်။ ဒီရေပြဿနာဟာ အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်လေးတွေအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်နေပါတယ်။ ဒီပြဿနာဟာ ပညာမသင်နိုင်၊ ရောဂါထူပြောပြီး ဆင်းရဲတွင်းက ရုန်းမထွက်နိုင်တဲ့ သံသရာတစ်မျိုးပါပဲ။

၂၀၅၀ ပြည့်နှစ်မှာဆိုရင် ကမ္ဘာ့လူဦးရေဟာ ၁၀ ဘီလီယံကျော်မယ်လို့ ကုလသမဂ္ဂ လူဦးရေနဲ့ ရန်ပုံငွေအေဂျင်စီက ခန့်မှန်းပါတယ်။ "ကမ္ဘာ့လူဦးရေဟာ ၂ ဒသမ ၅ ဘီလီယံဆိုရင် သက်သောင့်သက်သာနဲ့ အတော်ပဲ" လို့ Dr Yuan T Lee က ပြောခဲ့ပါတယ်။ လူဦးရေ အလွန်အမင်းတိုးပွားမှုဟာ အစားအစာ၊ ရေကောင်းရေသန့်နဲ့ လျှပ်စစ်ဓာတ်အားတွေ ပိုလိုအပ်မယ်ဆိုတာ ထင်ရှားပါတယ်။ နောင်အနှစ် ၂၀ ကျော်လာရင် အာဟာရပြည့်ဝတဲ့အစားအစာ၊ ရေနဲ့စွမ်းအင်တွေ ပိုလိုအပ်မယ်။ လက်ရှိအခြေအနေမှာ ကမ္ဘာ့လူထု တစ်ဘီလီယံဟာ ဆာလောင်ငတ်မွတ်နေပါတယ်။ သုံးပုံနှစ်ပုံသော အဲဒီလူထုဟာ ကျွန်တော်တို့ အာရှတိုက်နဲ့ ပစိဖိတ်ဒေသမှာ ရှိနေပါတယ်။ ၁ ဒသမ ၄ ဘီလီယံ လူထုဟာ ရေကောင်းရေသန့်နဲ့ အလှမ်းဝေးလျက်ရှိပါတယ်။ အဲဒီစာရင်းထဲမှာ ကျွန်တော်တို့ မြန်မာတွေမပါဘူးလို့ မပြောနိုင်ပါဘူး။

နိုင်ငံတကာ စံချိန်စံညွှန်းကတော့ စိုက်ပျိုးရေးအတွက် ရေလိုအပ်ချက် ရေအရင်းအမြစ်လိုအပ်ချက် ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ရှိတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာတော့ ၈-၁၀ ရာခိုင်နှုန်းရှိတဲ့ ရေကိုသာ ရေသွင်းဆည်မြောင်းတွေက စိုက်ပျိုးရေးအတွက် သုံးနေပါသေးတယ်လို့ ဆိုပါတယ်။ မြန်မာတို့ရဲ့ ရေအရင်းအမြစ်ဟာ စက်မှုနဲ့ စိုက်ပျိုးရေးအတွက် ဖူလုံနေတယ်လို့ အဓိပ္ပာယ်ပေါ်ပါတယ်။

သိပ္ပံသဘော၊ ဓာတုဗေဒသဘော နားလည်တာဖြစ်စေ၊ နားမလည်တာဖြစ်စေ လူနဲ့သတ္တဝါအပေါင်းဟာ ရေကို သောက်သုံးရမယ်၊ လွန်စွာအရေးကြီးတယ်၊ ရေမရှိရင် မဖြစ်ဘူးဆိုတာသိကြပါတယ်။ မိုးလေးတဖွဲ့ဖွဲ့ကျရင် တောင်သူလယ်သမားတွေဟာ လယ်တောဆင်းဖို့ ပျော်ရွှင်နေကြတာကို တွေ့ရပါတယ်။ စွတ်စိုနေတဲ့ လယ်ယာ၊ ဗွက်ထနေတဲ့ လယ်ခင်းမှာ ပျိုးကြဲ၊ ပျိုးချ၊ ပျိုးစိုက်ရိတ်သိမ်း၊ စပါးလှေ့တဲ့ တောင်သူလယ်လုပ် ဓားမခုတ်ဟာ၊ "သမာအာဇီဝ" မှန်စွာသော အသက်မွေးဝမ်းကျောင်း





လုပ်ငန်းဖြစ်လို့ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်သူတွေနဲ့မတူပေဘူး။ မြန်မာ့တောင်သူလယ်သမားတွေဟာ ရေနဲ့ မြေကို "မတည်" ဝီရိယနဲ့ဉာဏ်ကို ရင်းနှီးပြီး ဘုရားကျောင်းကန်သွား၊ သီတင်းသီလစောင့်ကြသူတွေဖြစ်တယ်။

ရာသီဥတု မိုးလေမှန်ရင် တစ်နှစ်လောက်နားနေလို့ရတဲ့ သူဌေးလေးတွေဖြစ်ပါတယ်။ နည်းပညာနဲ့ စက်မှုလယ်ယာ ပေါင်းလိုက်ရင်၊ မွေးမြူရေးပါထည့်လိုက်ရင် အမေရိကန်၊ ဂျပန်နဲ့ ထိုင်းက လယ်သမားသူဌေးကြီးတွေလို ဖြစ်လာပါလိမ့်မယ်လို့ပြောချင်ပါတယ်။ ရေနည်းနည်းနဲ့ အထွက်တိုးအောင်၊ အချိန်တိုတိုနဲ့ သီးထွက်ကောင်းအောင်၊ ပိုးမွှားဒဏ်ခံနိုင်တဲ့ သီးနှံပင်တွေ အလျှံပယ်ထွက်ပေါ်လာပါလိမ့်မယ်။

**မြေအောက်ရေနည်းပါးခြင်း၊ မိုးခေါင်လာခြင်း**

တောလမ်းတစ်လျှောက် ကျွဲ၊ နွားတွေသောက်တဲ့ရေကန်တွေဟာ ယခင်ကလို မဟုတ်၊ ခန်းခြောက်စပြုလာကြပြီး ညောင်ပင်အိုတို့မှ အရွက်တွေဟာလည်း ကျွဲ၊ နွားစာအဖြစ် ရောက်လောက်အောင် အစာရေစာရှားပါးလာရတာဟာ ရေရှားပါး မိုးခေါင်လာလို့ပါပဲ။ အပူပိုင်းဒေသခံပြည်သူတို့ဟာ ရွှေကိုမလို ရေကိုသာ တမ်းတကြပါတယ်။ စက်မှုစက်ရုံတွေကလည်း မထွန်းကားလေတော့ ရေထုညစ်ညမ်းဖို့ဆိုတာ ပြောပလောက်တဲ့အဆင့်မရှိသေးပါဘူး။ ဈေးသွား ဈေးပြန်တွေ သောက်သုံးဖို့ ဇရပ်တွေမှာရှိခဲ့တဲ့ ရေအိုးစင်တွေလည်း ကွယ်ပျောက်သွားလေပြီ။ ရေအကျိုးဆယ်ပါး မတောင်းဘဲနဲ့ ပြည့်ဆိုတဲ့အတိုင်း၊ ရေလှူရှင်တွေရှိနေပေမယ့် အနီးတစ်ဝိုက်မှာ ရေတွေရှားလောက်အောင် မိုးခေါင်တာ၊ မြေအောက်ရေနည်းပါးတာတို့ဟာ အကြောင်းတရားပဲဖြစ်နေပါတယ်။

မြန်မာနိုင်ငံနဲ့ထိုင်းနိုင်ငံတို့ဟာ ဆင်းရဲတွင်းက ရုန်းထွက်နိုင်ဖို့ ယနေ့အချိန်အခါမှာ ကျေးလက်တွေမှာ ဆည်ရေရရှိရေးကို အကြီးအကျယ်အားထုတ်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ မြန်မာတို့အတွက် မြစ်ကြီးသုံးသွယ်နဲ့ ဧရာဝတီမြစ်ရေတင်စီမံကိန်းတွေဟာ ယနေ့အချိန်အခါအထိ အားရစရာကောင်းနေပါတယ်။ ရေကောင်းရေသန့်နဲ့ အလှမ်းမီလာပါတယ်။ လွန်ခဲ့တဲ့ နှစ် ၃၀ လောက်ကဆိုရင် ကားလမ်းကြီးတွေရဲ့ ဝဲယာမှာ ရေသွားရေလာကို ထိန်းနိုင်အောင်၊ မြောင်းကြီးချောင်းကြီးတွေ တူးဖော်ခဲ့တာကိုကြည့်ရင် မြေအောက်ရေရဖို့ဖြစ်ခဲ့ပါတယ်။ ဆည်မြောင်းတာတမံတွေဟာ ရေထိန်းဖို့၊ ရေတင်ဖို့ဖြစ်ပါတယ်။ သောက်သုံးရေနဲ့ စိုက်ပျိုးရေဟာ နေရာအနှံ့နီးပါး ရနေသေးတဲ့ အနေအထားဖြစ်တာကိုတွေ့ရပါတယ်။

မြန်မာတို့ဟာ မဝေးလှသေးတဲ့ကာလက ရေတွင်းရေကန်တွေ၊ ဆည်တွေ၊ မြောင်းတွေ၊ အကြီးအကျယ်တည်ထောင်ကာ ဒီဇယ်သုံးပြီး ရေသွင်းနွေ၊ မိုး၊ ဆောင်း စိုက်ပျိုးခဲ့လို့ တောင်သူလယ်သမားတွေ ချောင်လည်ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ အပူပိုင်း ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းရေးဆွဲကာ အကောင်အထည်ဖော်ခဲ့လို့ မြန်မာနိုင်ငံအလယ်ပိုင်းဟာ ပူပြင်းတဲ့ရာသီဥတုက သက်သာရာရခဲ့ပါတယ်။ ရေလိုအပ်ချက်တွေပြည့်ခဲ့ပါတယ်။

စာမျက်နှာ ၇ သို့ ✳

## အောင်တေးသီလို့ အောင်ရေးချီ

(တေးထပ်)

❖ အောင်တပ်မတော် အောင်မာန်ဝင့်
အောင်သံဆင့် အောင်မြဲမြဲ၊
အောင်လံလွှင့် အောင်ဖွဲ့သန်သည်
အောင်ပွဲခံ အောင်မောင်း။
အောင်အတွေးနဲ့ အောင်ရေးချီတယ်
အောင်တေးသီ အောင်စိတ်ဆင့်ပေါင်း။

❖ အောင်နန်းဖွင့် အောင်ခန်းသဘင်မှာ
အောင်ပန်းဆင် အောင်ကြောင်း။
အောင်ဇမ္ဗူ အောင်သရဖူဆောင်းလို့
အောင်မူကောင်း အောင်ပြီ၊
အောင်နိုင်ငံ အောင်ပန္နက်နဲ့
အောင်ပိုင်နက် အောင်မြေမဟီ။

❖ အောင်ပိုင်စိုး အောင်ကျိုးရည်သည်
အောင်မျိုးအလီလီ အောင်တည်ကိန်းနဲ့
အောင်စည်ဟိန်း အောင်ခေတ်ဖော်
အောင်စစ်သည်တော်။

❖ အောင်အထပ်ထပ် အောင်ဒြပ်ကျော်သည်
အောင်တပ်မတော် အောင်ကြောင်းဆင့်လေး...။

❖ အောင်လမ်းဖွင့် အောင်လမ်းတည်ကာ
အောင်စွမ်းရည် အောင်အားပြည့်လေး....။

❖ အောင်အနှစ်ဖွဲ့ အောင်ခေတ်သာတယ်
အောင်သစ္စာ အောင်သွေးတည့်လေး.....။ ။

(၇၈)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုပါ၏။

ရေနံ့သာမောင်ကျော်ညွန့်

✳ စာမျက်နှာ ၆ မှ

၁၉၉၉ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ ဒီဇယ်၊ ဓာတ်ဆီနဲ့စက်တွေမောင်း၊ မြစ်ရေတင်စီမံကိန်းနဲ့ နွေစပါးစိုက်ပျိုးရေးကို အကြီးအကျယ်ဆောင်ရွက်ခဲ့ရာ ဆန်ရေစပါး ပြည့်စုံခဲ့ပါတယ်။ နွေ၊ မိုး၊ ဆောင်းစိုက်ပျိုးလို့ရတဲ့ နေရာတွေမှာ ရေသွင်းစိုက်ပျိုးလိုက်ပါ၊ သူဌေးကြီးမဖြစ်ရင်တောင် စပါးတောင်လိုပုံ၊ ဈေးကောင်းတွေရကြဦးမှာဖြစ်ပါတယ်။ စက်မှုထွန်းကားတဲ့ နိုင်ငံတွေမှာ လူတစ်ဦးချင်း တစ်နေ့ရေသုံးစွဲမှုဟာ လီတာ ၅၀၀ ကနေ ၈၀၀ အတွင်းရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံမှာတော့ လီတာ ၆၀ ကနေ ၁၅၀ အတွင်းပဲ သုံးစွဲကြပါတယ်။

**လူဦးရေအထူပြောဆုံး တိုကျို**

ကမ္ဘာမှာ လူဦးရေအထူပြောဆုံး တိုကျိုမြို့၊ မြန်မာမှာ ရန်ကုန်မြို့ကြီးတွေရဲ့ ရေသုံးစွဲမှုကို စဉ်းစားကြည့်ဖူးပါတယ်။ ရေလုံလောက်အောင် ဘယ်လိုဖြန့်ဖြူးရမလဲဆိုတာ မြို့တော်စည်ပင်နဲ့ ရေအရင်းအမြစ်ဦးစီးဌာနက တာဝန်ရှိပုဂ္ဂိုလ်ကြီးတွေပဲ အသိဆုံးဖြစ်မယ်။ နိစ္စဓူဝကိစ္စနဲ့ ရှန်းကန်လှုပ်ရှားရသူတွေဟာ ထန်းလျက်က ထန်းပင်ပေါ်က ရတယ်လို့ထင်၊ ရေဟာ စည်ပင်သာယာကပဲ ပေးတယ်။ မြူနီစီပယ်ရေလို့ပဲ သိကြမယ်ထင်ပါတယ်။ ဒါကြောင့် ကျေးလက်ဒေသမှာ ရေဖောဖောသီသီသုံးရာက ရန်ကုန်နဲ့ မန္တလေးမြို့ကြီးတွေရောက်တော့ ရေဟာရှားပါးလာကြောင်း တစ်စတစ်စ သိလာပါလိမ့်မယ်။ စင်ကာပူရောက်ကြရင်ဖြင့် ရေကိုချွေတာရကြောင်း အိမ်သာအိုးပေါ်ထိုင်ကြည့်မှ သိလိမ့်မယ်လို့ ပြောသံကြားဖူးပါတယ်။

**လူ့သာပဓာန**

လူသာပဓာနပါပဲ။ အတ္တ၊ ပရမ္မတ္တတနဲ့ ရေကိုချွေတာသုံးစွဲဖို့ပါပဲ။ ရေကို ချွေတာသုံးစွဲရေးဟာ အခြားသောနိုင်ငံတွေမှာ (ဥပမာ၊ စင်ကာပူ၊ ဩစတြေးလျနိုင်ငံတွေရောက်ရင်) ထမင်းစားရေသောက်လုပ်သလို ရေကို ချွေတာရေး မေးမြန်းနေစရာ၊ ရှင်းပြနေစရာမလိုလောက်ဘူး။ ရေဖူလုံတဲ့ မြန်မာတို့အတွက် အနာဂတ်မှာ ရေပြဿနာ အကြီးအကျယ် ပေါ်လာခဲ့ရင် မိုးရေကို ဘယ်လိုထိန်း၊ မြစ်ချောင်းကရေကို ဘယ်လိုစုစည်း၊ မြစ်ရေကို ဘယ်လိုနေရာမျိုးမှာတင်ပြီး ဝမ်းစာဖူလုံရေးသာမက ကောက်ပဲသီးနှံမျိုးစုံစိုက်ရုံနဲ့ ချမ်းသာတဲ့လူမျိုး၊ ကျန်းမာတဲ့လူမျိုး ဖြစ်နိုင်ပါတယ်။

ဂျပန်ဟာ စက်မှုအလွန်ထွန်းကားတဲ့နိုင်ငံဖြစ်နေတာတောင် ထူးခြားချက်တစ်ခုက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လက်မလွှတ်ဘဲ ထိန်းထားတာဟာ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးရဲ့ အကြောင်းရင်းပဲလို့ ထင်မြင်စရာရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးဟာ ကုန်ကျစရိတ်မြင့်မားတဲ့

**“မြန်မာနိုင်ငံ ကျေးလက်နေလူထုဟာ ရေကို ခြိုးခြံချွေတာရလောက်အောင် အခက်အခဲမရှိလောက်၊ ရေထုမညစ်ညမ်းဖို့ ဂရုစိုက်ရပေမယ်။ မြို့နေလူတန်းစားတွေကတော့ ရေကိုချွေတာရလိမ့်မယ်။ ရေပုပ်၊ ရေညစ်မဖြစ်ရအောင် အဝတ်လျှော်ဆပ်ပြာ၊ အိုးခွက်ပန်းကန်ဆေးရေကို ကြုံသလို ကိုယ်အဆင်ပြေရင် ပြီးရောဆိုတဲ့ သဘောကို ရှောင်ရလိမ့်မယ်။ ရေကို ငွေကြေးပေးပြီး တစ်ကိုယ်တော် ဖောဖောသီသီ သုံးဖို့မသင့်၊ မျှဝေသုံးနိုင်ဖို့ ရေကို ချွေတာရလိမ့်မယ်။ စက်ရုံထွက် ရေညစ်ရေဆိုးတွေကို စနစ်တကျ စွန့်ကြရပေလိမ့်မယ်။ စက်ရုံ အလုပ်ရုံ မော်တော်ကားဝပ်ရှော့တွေမှာ ရေနဲ့လျှပ်စစ်သုံးစွဲတာ၊ ခြိုးခြံချွေတာတာတို့အတွက် ဥပဒေတွေရှိပြီးဖြစ်ပါတယ်၊ ကိုယ်တိုင်လိုက်နာဖို့ပဲ”**

လုပ်ငန်းဖြစ်တယ်။ အမေရိကန်နဲ့ ထိုင်းနိုင်ငံက ဆန်ကို ဈေးသက်သက်သာသာနဲ့ ဝယ်စားနိုင်ပေမယ့် သွင်းကုန်အဖြစ်လက်မခံဘူး။

**ဘာကြောင့်ပါလဲ**

ဂျပန်ဟာ စစ်ရေးအရ ကိုယ့်အားကိုယ်ကိုးနိုင်ရမယ့်သဘောလည်းပါမယ်။ မိရိုးဖလာသဘောမျိုး လုပ်နေတာလည်း မဖြစ်နိုင်လောက်ဘူး။ ပညာခေတ် ပညာပါတဲ့၊ စိုက်ပျိုးရေးပညာကို အခြေပြုတဲ့ လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို လှမ်းတာပဲဖြစ်မယ်။ ၂၀၅၀ ပြည့်နှစ်တွေမှာ ဂျပန်နိုင်ငံရဲ့ လယ်ယာခွင်လုပ်ငန်းတွေဟာ ပိုပြီး အလားအလာကောင်းတဲ့ အခြေခံအုတ်မြစ်တွေဖြစ်လာပါမယ်။ ဂျပန်လယ်သမားတွေဟာ ဒီအတွက် တာစူနေပုံရပါတယ်။ နည်းပညာအခြေခံတဲ့ စိုက်ပျိုးရေး (Knowledge based Agriculture)ကို ပိုပိုပြီး လှမ်းနေတယ်လို့ ခန့်မှန်းရပါတယ်။

မြန်မာနိုင်ငံ ကျေးလက်နေလူထုဟာ ရေကို ခြိုးခြံချွေတာရလောက်အောင် အခက်အခဲမရှိလောက်၊ ရေထုမညစ်ညမ်းဖို့ ဂရုစိုက်ရပေမယ်။ မြို့နေလူတန်းစားတွေကတော့ ရေကိုချွေတာရလိမ့်မယ်။ ရေပုပ်၊ ရေညစ်မဖြစ်ရအောင် အဝတ်လျှော်ဆပ်ပြာ၊ အိုးခွက်ပန်းကန်ဆေးရေကို ကြုံသလို ကိုယ်အဆင်ပြေရင်ပြီးရောဆိုတဲ့သဘောကိုရှောင်ရလိမ့်မယ်။ ရေကို ငွေကြေးပေးပြီး တစ်ကိုယ်တော် ဖောဖောသီသီ သုံးဖို့မသင့်၊ မျှဝေသုံးနိုင်ဖို့ ရေကို ချွေတာရလိမ့်မယ်။ စက်ရုံထွက် ရေညစ်ရေဆိုးတွေကို စနစ်တကျ စွန့်ကြရပေလိမ့်မယ်။ ရေကို ဘယ်လိုခြိုးခြံချွေတာ သုံးရမယ်ဆိုတာကို အခြေခံပညာအဆင့် သင်ခန်းစာမှာ သင်ထားတဲ့အတိုင်း ဆောင်ရွက်ဖို့နဲ့ စက်ရုံ အလုပ်ရုံ မော်တော်ကားဝပ်ရှော့တွေမှာ ရေနဲ့လျှပ်စစ်သုံးစွဲတာ၊ ခြိုးခြံချွေတာတာတို့အတွက် ဥပဒေတွေရှိပြီးဖြစ်ပါတယ်၊ ကိုယ်တိုင်လိုက်နာဖို့ပဲ။

ဒါတွေသိရင် ရေကို ချွေတာသုံးစွဲရမယ်ဆိုတာ သဘောပေါက်လာပါလိမ့်မယ်။ စည်ပင်သာယာရေးအတွက် တာဝန်ရှိသူတွေဟာ လိုရင်လိုသလို ကြပ်မတ်ပေးလိုက်ရင် အားလုံးအဆင်ပြေလာပါလိမ့်မယ်။

ကောင်းပါပြီ.. ဒီဆောင်းပါးကို ဒီလို နိဂုံးချုပ်ချင်ပါတယ်။

❖ အခြေခံကျကျ လုပ်ရမယ့်ကိစ္စက လျှပ်စစ်ဓာတ်ခြိုးခြံချွေတာသုံးစွဲဖို့က ပထမလုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။ ဒုတိယလုပ်ငန်းစဉ်က ရေကို ခြိုးခြံချွေတာ သုံးစွဲဖို့နဲ့ လျှော့ပြန်လည်သုံးနဲ့ အလီလီသုံးနိုင်တယ်ဆိုတဲ့စနစ်ကို ကျင်းသုံးနိုင်တဲ့ ရေပဲဖြစ်ပါတယ်။

❖ “ရေမကြွယ် ထင်းမကြွယ်” ဆိုတဲ့အတိုင်း ရေနဲ့ လျှပ်စစ်ဓာတ်ကို ခြိုးခြံချွေတာ ထုတ်လုပ်သုံးစွဲဖို့ပါပဲ။ ချွေတာစုဆောင်း သူဌေးလောင်းဆိုတာယုံပါ။ ချွေတာစုဆောင်းလိုက်ရင် ငွေကြေးမဆင်းရဲနိုင်ပါဘူးလို့လည်း ဆိုချင်ပါတယ်။

ရေမြေတောတောင်သယံဇာတ၊ မြေပေါ်မြေအောက်သယံဇာတတွေ ပေါ်ကြွယ်ဝနေတာမို့ ချမ်းသာနိုင်တယ်။ ပညာနဲ့ အတတ်ပညာ အမြော်အမြင်ကြီးရင် ပိုပြီးချမ်းသာလိမ့်မယ်။ သယံဇာတများများမရှိပေမယ့်လည်း အတတ်ပညာ၊ နည်းပညာပါတဲ့ လူ့အဖွဲ့အစည်းဟာလည်း ချမ်းသာနိုင်တယ်ဆိုတာ ကမ္ဘာကိုကြည့်ရင် မြင်တွေ့နိုင်ပါတယ်။ ရုံဖန်ရုံခါဆိုသလို ဥတုရာသီဖောက်ပြန်မှု၊ အမျိုးမျိုးသော ဖောက်ပြန်မှုကြောင့် ရှိတဲ့သယံဇာတဟာလည်း သုံးမရ၊ ပညာမဲ့ နည်းပညာမဲ့ရင် ဆင်းရဲတွင်းမှာနေဖို့ပဲ ကျန်ပါတော့တယ်။

မြန်မာနိုင်ငံရဲ့ မြစ်ချောင်းအင်းအိုင်တွေ၊ တောင်ကျရေတွေကို ပိတ်ဆို့တားဆီးပြီး ရေကို အကျိုးရှိရှိ ရေအားလျှပ်စစ် ထုတ်မယ်ဆိုရင် မြန်မာဟာ နှစ်အနည်းငယ်အတွင်းမှာ ချမ်းသာမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း မှန်မှန်ကန်ကန်ဖြစ်လာမယ်လို့ ပြောနိုင်ပါတယ်။ ကျွန်တော်တို့ဟာ ဧရာဝတီမြစ်ကြောင်း အရေးကြီးပုံအပါအဝင် ဧရာဝတီမြစ်ရေဟာ တန်ဖိုးကြီးပုံသိနေပါတယ်။ နည်းပညာမြင့်မားရင်၊ မြစ်ကြီးသုံးသွယ်ကို အကြောင်းပြုရင် ရေကြောင်းသွားလာရေးတွေ ဖော်ဆောင်နိုင်ပါတယ်။ ရေအားလျှပ်စစ်ထုတ်ရင် အမှောင်ထုကို ခွင်းနိုင်ပါလိမ့်မယ်။ သုတေသနရလဒ်တွေကို ပိုင်ပိုင်နိုင်နိုင် ယုံယုံကြည်ကြည် သုံးတတ်ဖို့ပဲလိုပါတယ်။

မိမိတို့နေထိုင်ရာ ကမ္ဘာဂြိုဟ်မှာ ရေတွေရှိနေပြီး ရှိနေတဲ့ရေကို အရှိပကတိအတိုင်း ထိန်းသိမ်းနိုင်ဖို့ ခြိုးခြံချွေတာဖို့၊ မညစ်ညမ်းစေဖို့၊ ရေနဲ့ မကင်းသူမှန်သမျှ အသိတရားထားကာ ရေကို သုံးစွဲကြဖို့ဖြစ်ကြောင်း၊ ‘နွေရောက်ပြီလေ ... ရိုးတံကျဲကျဲ ...’ ဆိုတော့ လွမ်းစရာ ပန်းချီကားဟု မဆိုလို၊ လျှပ်စစ်နဲ့ ရေကို ချွေတာဖို့ဖြစ်ပါတယ်။ “နွေ…နွေ…နွေမ၊ နွေ…နွေ…နွေမ” ဆိုပြီး သင်္ကြန်ရေ ပက်ဖျန်းကြတာ ရိုးရာအစဉ်အလာ အတာကာလမို့ တစ်ဦးကို တစ်ဦး အေးမြစေကြောင်း ရေနဲ့ ပက်ဖျန်းပျော်မြူးကြတာပဲ။ ရေကို မချွေတာတဲ့ သဘောမဆောင်၊ ရေကို အကျိုးရှိရှိ သုံးခြင်းပဲလို့ မြင်ရပါမယ်။

မြန်မာတို့ရဲ့ ရေကို ညစ်ညမ်းစေမယ့် အိမ်တွင်းသုံး ရေစွန့်ပစ်မှု ၅၀ ရာခိုင်နှုန်း၊ ပိုးသတ်ဆေးကြောင့် ရှစ်ရာခိုင်နှုန်း၊ အဝတ်လျှော်ဆပ်ပြာကြောင့် ဖော့စပိတ်မြင့်မားမှု ၁၂ ရာခိုင်နှုန်း၊ ရေတိုက်စားမှုကြောင့် ရေထုညစ်ညမ်းမှု ၂၅ ရာခိုင်နှုန်း ထိရှိနိုင်တာမို့ ဆင်ခြင်တတ်ဖို့ အသိပညာတွေကို တောရော မြို့ပါမကျန် တတ်အောင်သင် လေ့ကျင့်ကြဖို့ “ရေကို မဖြုန်းနဲ့ မညစ်ညမ်းစေနဲ့” ဆောင်ပုဒ်ကို လက်ကိုင်ထားရမှာဖြစ်ပါတယ်။ မတ်လ ၂၂ ရက်နေ့မှာ ကျရောက်ခဲ့တဲ့ “ကမ္ဘာ့ရေနေ့” ကို ပညာအမြော်အမြင်၊ နည်းပညာအမြော်အမြင်နဲ့သာ အလှဆင်နိုင်လိမ့်မယ်လို့ ဆိုချင်ပါကြောင်း။ ။

# အမှန်တကယ်အကူအညီလိုအပ်နေသည့် ပြည်သူများအတွက် ပိုမိုကျယ်ပြန့်သော လူသားချင်းစာနာမှုအကူအညီများပေးအပ်နိုင်ရေး ဆွေးနွေး

နေပြည်တော် မတ် ၂၃

မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လျှဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ကြားဖြတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးကို လုပ်ငန်းအဖွဲ့၏ဥက္ကဋ္ဌဖြစ်သော အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဦးဆောင်၍ ကျင်းပခဲ့ပြီး လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံတွင် အမှန်တကယ်အကူအညီလိုအပ်နေသည့် ပြည်သူများအတွက် ပိုမိုကျယ်ပြန့်သော လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နိုင်ရန် လိုအပ်ချက်ဆန်းစစ်မှုလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ကြားကာလအကူအညီပေးအပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး ထိရောက်၍ လုံခြုံမှုရှိသော မြေပြင်လုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။



ထို့နောက် အစည်းအဝေး၌ အာဆီယံတူညီဆန္ဒ၏ စတုတ္ထအချက်ဖြစ်သည့် လူသားချင်းစာနာမှုအကူအညီပေးအပ်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ကတိကဝတ်အပေါ် ထပ်လောင်းအတည်ပြုခဲ့ကြပြီး အကူအညီလိုအပ်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ရှိရင်းစွဲ ယန္တရားများအကြား ပေါင်းစပ်ညှိနှိုင်းအားကိုလည်း တိုးမြှင့်သွားရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ်အစိုးရအဖွဲ့မှ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ အဖွဲ့များအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

လွိုင်ကော် မတ် ၂၃

ကယားပြည်နယ်အစိုးရအဖွဲ့မှ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ အဖွဲ့များအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပခဲ့သည်။



**အဖွင့်အမှာစကား ပြောကြား**

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်နယ်အတွင်းတွင် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်လျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကယားတိုင်းရင်းသား မျိုးနွယ်စုများ အလိုက် စဉ်လာမပျက် ကျင်းပလျက်ရှိသော ရိုးရာပွဲတော်များနှင့် တိုင်းရင်းသားရေးရာ ကိစ္စများကို ဆောင်ရွက်နေသော တိုင်းရင်းသားစာပေရုံးများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ မိရိုးဖလာလုပ်ငန်းများ အပါအဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ တိုးတက်အောင် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်တည်ငြိမ်အေးချမ်းလာစေရေး အတွက် တိုင်းရင်းသား ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကယား၊ ကယန်း၊ ကယော၊ ဂေဘား၊ မနုမနော၊ ယင်းတလဲ၊ ဗမာ၊ ကရင်၊ ရှမ်း၊ ပအိုဝ်း၊ အင်းသားနှင့် လီဆူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ရာ သက်ဆိုင်ရာကော်မတီများမှ ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီအဖွဲ့များ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး ကော်မတီအဖွဲ့ဝင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■

# ရွှေကျင်မြို့နယ်ရှိ မွေးမြူရေးခြံများ၌ ခြံဖျန်းပိုးသတ်ဆေးများ လိုက်လံဖျန်းပေး

ရွှေကျင် မတ် ၂၃

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးခြံများတွင် ခြံဖျန်းပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ခြေတော်ရွာကျေးရွာအတွင်းရှိ မွေးမြူရေးခြံများ၌ သွားရောက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ရွှေကျင်မြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခြေတော်ရွာကျေးရွာအတွင်း နွား၊ ကြက်၊ ဝက် မွေးမြူကြသည့် မွေးမြူရေးခြံများ၌ ခြံဖြန်းပိုးသတ်ဆေးများ လိုက်လံဖျန်းပေးရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာထူးမြတ်က မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခြံဖျန်းပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခြင်းဖြစ်ကြောင်း၊ ခြံဖျန်းပိုးသတ်ဆေးများကို အသုံးပြုပုံ၊ အသုံးပြုနည်းများအား ရှင်းလင်းပြောကြားပေးပြီး နွား၊ ကြက်၊ ဝက် မွေးမြူကြသည့် မွေးမြူရေးခြံများအား ခြံဖျန်းပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခဲ့သည်။

အဆိုပါ ခြံဖျန်းပိုးသတ်ဆေးများ လိုက်လံဖျန်းပေးမှုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူးဦးစိုင်းသူထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပင်လောင်းမြို့နယ်၌ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနား ကျင်းပ



ပင်လောင်း မတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) တို့မှ ပူးပေါင်း၍ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီက ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီတင်က အမှာစကား ပြောကြားပြီး ရပ်မိရပ်ဖ ဦးခွန်မောင်သောင်းက ယာယီနေရပ်စွန့်ခွာပြည်သူများအား အားပေးနှစ်သိမ့်စကား ပြောကြားခဲ့သည်။

ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီတင်နှင့် ဦးခွန်လှသိန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ဌာနဆိုင်ရာများ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၊ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝင်းကို၊ ရပ်မိရပ်ဖ ဦးခွန်မောင်သောင်း၊ စန္ဒာခမ်း (PNO) ဗိုလ်မှူးခွန်ဂျိုးဇက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်ထက်တို့က အခြေခံစားသောက်ကုန်များ ပေးအပ်ခဲ့ကြပြီး ယာယီနေရပ်စွန့်ခွာပြည်သူများ၏ကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ပင်လောင်းမြို့နယ်တွင် ယာယီနေရပ်စွန့်ခွာသည့် ပြည်သူအိမ်ထောင်စု ၉၃၀၊ လူဦးရေစုစုပေါင်း ၃၈၅၅ ဦးရှိကြောင်း၊ အဆိုပါ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန် ၃၅၂ အိတ်၊ ဆီ ၄၆၅ ပိဿာ၊ ကုလားပဲ ပိဿာ ၉၃၀၊ ဆား ၄၆၅ ပိဿာ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၉၆၁၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးမွမ်းမံသင်တန်း (၁/၂၀၂၃) သင်တန်းဆင်းပွဲ ကျင်းပ



နေပြည်တော် မတ် ၂၃

လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်က နိုင်ငံတော်တည်ဆောက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ကြီးကြပ်ထိန်းကျောင်းပေးသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့၏ဆောင်ရွက်မှုများသည် နိုင်ငံတော်အတွက် များစွာအကျိုးရှိသဖြင့် မိမိတို့ရုံးနှင့် လုပ်ငန်းတာဝန်များ၏အရေးပါမှုကို သိရှိနားလည်ရန်လိုအပ်ကြောင်း၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများသည် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ဦးဆောင်မှုပြုနေရသူများဖြစ်သဖြင့် ကိုယ်တိုင်ကျွမ်းကျင်မှုအရည်အချင်းများ ပြည့်ဝနေစေရန် လိုအပ်သကဲ့သို့ တွေ့ကြုံရသည့်အခက်အခဲများကို မှန်ကန်သည့်လမ်းညွှန်မှုပြုနိုင်ခြင်း၊ အပြန်အလှန်လေးစားမှုဖြင့် ဆက်သွယ်ဆောင်ရွက်တတ်ခြင်း၊ ပညာရှင်ပီသစွာ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်း စသည့် အရည်အသွေးများ ပြည့်ဝနေရန်လည်း လိုအပ်ကြောင်း၊ ယခုသင်တန်းတွင်လည်း ပညာရပ်ဆိုင်ရာများသာမက စီမံခန့်ခွဲမှုအတွက် အရေးပါသော သင်ကြားမှုများအဖြစ် ခေါင်းဆောင်မှုနှင့် ပြုမှုပြောဆိုဆက်သွယ်မှုဆိုင်ရာများကိုပါ သင်ကြားပို့ချပေးခဲ့ကြောင်း၊ သို့ပါ၍ သင်တန်းသားများအနေဖြင့် ကျင့်ဝတ်သိက္ခာ လေးစားလိုက်နာပြီး ရိုးရိုးကျင့် မြင့်မြင့်ကြံစိတ်ထားဖြင့် နိုင်ငံနှင့် ဌာနအဖွဲ့အစည်းမှ အားထားရသည့် ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းကို နေပြည်တော်သင်တန်းကျောင်းနှင့် ရန်ကုန်သင်တန်းကျောင်းတို့တွင် တစ်ပြိုင်တည်း မတ် ၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ရုံးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူး ၁၄ ဦးနှင့် ဦးစီးအရာရှိ ၁၇၆ ဦး စုစုပေါင်း ၁၉၀ တက်ရောက်ပြီးမြောက်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမမှလည်းကောင်း၊ ရန်ကုန်သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက အွန်လိုင်းဖြင့် လည်းကောင်း တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင် - ထားဝယ် - မြိတ် - ဘုတ်ပြင်း - ကော့သောင်းလမ်းပိုင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့နံနက်ပိုင်းတွင် ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်း (မလွဲတောင်-ထားဝယ်) အပိုင်း လေးလမ်းသွား မြေသားတာပေါင် တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် လမ်းဦးစီးဌာန တည်ဆောက်ရေး(၂) လမ်းအထူးအဖွဲ့(၂၃) ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)က လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်းကွန်ရက်များကို ရာသီမရွေး သွားလာနိုင်ရန် ဆောင်ရွက်ရန်၊ လမ်းအရည်အသွေးပြည့်မီရန်နှင့် ရေရှည်အသုံးပြုနိုင်ရန်၊ ဒေသနှင့်ကိုက်ညီသည့်လမ်းများဖြစ်ရန်နှင့် (မလွဲတောင်-ထားဝယ်) အပိုင်းတွင် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေ အမျိုးအစားအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းအရေအတွက်ကို စီမံချက်ရေးဆွဲဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းရန်၊ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက်ကို အလေးထားလိုက်နာရန်၊ ကျရာတာဝန်ထမ်းဆောင်ချိန်တွင် ဒေသခံပြည်သူများ အားကိုးယုံကြည်သည့် ဝန်ထမ်းကောင်းဖြစ်အောင် ကြိုးစားကြရန်နှင့် စက်၊ ယာဉ်ယန္တရားနှင့် ရုံး၊ အဆောက်အအုံလုံခြုံရေးကို ဂရုစိုက်ကြရန်မှာကြားပြီး ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့် လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမာရွတ်မြို့နယ်၌ လျှပ်စစ်မီးတိုင်များ အစားထိုးလဲလှယ်ပေးခြင်းများ ဆောင်ရွက်

ရန်ကုန် မတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့ချရေးနှင့် ဓာတ်အားပြည့်ဝစွာရရှိရေးတို့အတွက် ယနေ့နံနက်ပိုင်းက မြို့နယ်လျှပ်စစ်ဝန်ထမ်းများက ကမာရွတ်မြို့နယ် (၂)ရပ်ကွက် ရန်ကုန် အင်းစိန်လမ်း စံရိပ်ငြိမ် (၅)လမ်းတွင် ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့လဲလှယ်ရာတွင် လမ်းအတွင်းပိုင်းရှိ (၄၀၀) ဗို့ ဓာတ်တိုင်သုံးတိုင် အောက်ခြေတိမ်းစောင်းနေခြင်းအတွက် ကမာရွတ်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများက နေ့ချင်းပြီးအစားထိုးလဲလှယ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး



နေပြည်တော် မတ် ၂၃

(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပိတ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ယနေ့တွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာခန်းမ အပြင်ဘက်တွင် သတ်မှတ် နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲ အမှတ် ၁၅၀၁ မှ ၂၁၅၀ အထိ ကျောက်စိမ်းအတွဲပေါင်း ၆၅၀ အတွက် တင်သွင်းထားသော ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၄၃၀ ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲတွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၂၉၅ တွဲကို မတ် ၁၈ ရက်မှ ၁၉ ရက်အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၉၀ ကို လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို မတ် ၂၀ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲပေါင်း ၇၇ တွဲကို လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ ကို မတ် ၁၇ ရက်မှ ၂၁ ရက်အထိ ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၅၄၄ တွဲကို လည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

ယခုကျင်းပသည့် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိစေနိုင်ရန်အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် မတ် ၁၇ ရက်မှ ၂၃ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၅၅၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၅၅၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၄၅,၃၂၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၀၂၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၈၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တနင်္သာရီတိုင်းဒေသကြီး၌ ရေရှည်တည်တံ့သည့် ငါး၊ ပုစွန်နှင့် ရေထွက်ကုန်သယံဇာတ ထုတ်လုပ်မှုကွင်းဆက် ဖော်ဆောင်နိုင်ရေး ကြိုးပမ်း

**နေပြည်တော် မတ် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက မြိတ်မြို့နယ် ကလွင်ရေငန် ငါး၊ ပုစွန်သားဖောက်စခန်းသို့ ရောက်ရှိကြပြီး ဂျီအေကျူပီကျင့်စဉ် ငါးမွေးမြူရေး စံပြကွက် (GAqP– Model Farm) တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။



ယင်းနောက် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းနှင့် ရေချို၊ ရေငန်ငါး၊ ပုစွန်မွေးမြူထုတ်လုပ်မှု လုပ်ငန်းနှစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော ထိန်းကျောင်းကြပ်မတ်ခြင်း၊ အားပေးကူညီခြင်းနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းကို သက်ဆိုင်သူအားလုံးတို့က စုစည်းညီညွတ်စွာ ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယူနိုက်တက် ကေအမ်ကေ မြိတ်ကုမ္ပဏီလီမိတက် ငါးသားဖောက်စခန်း၌ အစာစရိတ် လျှော့ချနိုင်သည့် မွေးမြူရေးငါး အစာကျွေးစနစ်ဖြင့် မွေးမြူလုပ်ကိုင်နေမှု၊ လှောင်အိမ်စနစ်ဖြင့် ကကတစ်ငါးများ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးပြီး ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ကုန်ထုတ်လုပ်မှု ဖြစ်စေရေးနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး အခွင့်အလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

အလားတူ Myanmar MSC Co.,Ltd ၏ အနီရောင် ကော်တွန်နီ၊ အစိမ်းရောင် ကော်တွန်နီ၊ စပီနိုဆမ်နှင့် ဂရာစလေးရီးယားရေမှော် တစ်သျှူးမျိုးပွား စိုက်ပျိုးထားရှိမှု၊ ရေမှော်သုတေသန တစ်သျှူးမျိုးပွားဆောင်ရွက်နေမှု၊ ရေမှော်ပင်ငယ်များအား ပင်လယ်တွင် မျိုးပွားနေမှုများနှင့် ဒေသနေ ရေမှော်စိုက်တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ကွက်ငယ် တောင်သူများ၏ အခန်းကဏ္ဍမြှင့်တင်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆေးပညာသင်ကြားရေးဒီပလိုမာ ဘွဲ့လွန်သင်တန်း အမှတ်စဉ် (၁၈) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၂၃**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ် တက္ကသိုလ်များတွင် သင်ကြားရေးတာဝန် ထမ်းဆောင်နေကြသည့် ကထိက လက်ထောက်ညွှန်ကြားရေးမှူးနှင့် အထက်အဆင့်ရှိသူများအတွက် ရည်ရွယ်၍ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ၂၀၂၃ ပညာသင်နှစ် ဆေးပညာသင်ကြားရေးဒီပလိုမာ (Diploma in Medical Education) Dip.Med.Ed ဘွဲ့လွန်သင်တန်းအမှတ်စဉ် (၁၈) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲက ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်း၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ Module Supervisor များ၊ သင်တန်းသို့ တက်ရောက်ရန် ရွေးချယ်ခံရသော သင်တန်းသား သင်တန်းသူ ၃၇ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်းက တက္ကသိုလ်များ၏ သင်ကြားရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်ပေးနိုင်သူများ ဖြစ်စေရေးအတွက် ၂၀၀၂ - ၂၀၀၃ ပညာသင်နှစ်မှစ၍ တက္ကသိုလ်များ၏ သင်ကြားရေးတာဝန်များကို အချိန်ပြည့်(သို့မဟုတ်) အချိန်ပိုင်းတာဝန်ယူနေသူ ကထိကနှင့်အထက် အဆင့်ရှိသူ သင်ကြားရေး ဆရာများအတွက် ဆေးတက္ကသိုလ်(၁) - ရန်ကုန်၊ ဆေးတက္ကသိုလ် - မန္တလေးနှင့် ဆေးတက္ကသိုလ်(၂)- ရန်ကုန်တို့၌ ဆေးပညာသင်ကြားရေး ဒီပလိုမာ ကိုးလသင်တန်းကို စတင်ဖွင့်လှစ်ခဲ့ပြီး စတုတ္ထအကြိမ်အထိ ဘွဲ့ရရှိသူ ၁၂၂ ဦးကို မွေးထုတ်ခဲ့ပါကြောင်း၊ ၂၀၀၇ ခုနှစ်တွင် ဆေးပညာ သင်ကြားရေး ဒီပလိုမာသင်တန်း ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ ၂၀၀၈ ခုနှစ်မှစ၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် ပဉ္စမအကြိမ် ဆေးပညာသင်ကြားရေး ဒီပလိုမာသင်တန်း ဖွင့်လှစ်ခဲ့ပြီး ၁၇ ကြိမ်အထိ ဘွဲ့ရရှိသူ ၄၅၂ ဦး မွေးထုတ်နိုင်ခဲ့၍ ဆေးပညာသင်ကြားရေး ဒီပလိုမာသင်တန်း ဘွဲ့ရရှိသူပညာရှင် စုစုပေါင်း ၅၇၄ ဦးကို မွေးထုတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါအခြေအနေများကြောင့် ၂၀၂၀ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် ဆေးပညာသင်ကြားရေး ဒီပလိုမာ သင်တန်းဖွင့်လှစ်နိုင်ခြင်းမရှိဘဲ ခေတ္တရပ်နားထားခဲ့ရပြီး ယခု ၂၀၂၃-ပညာသင်နှစ်တွင် ဆေးပညာသင်ကြားရေးဒီပလိုမာ သင်တန်းအမှတ်စဉ်(၁၈)ကို သင်တန်းသားဦးရေ ၃၇ ဦးနှင့် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။





ဆက်လက်၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာလှလှဝင်းက ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

အဆိုပါ ဆေးပညာသင်ကြားရေးဒီပလိုမာဘွဲ့လွန်သင်တန်း၏ ပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၂၃

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ၊** နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(Karen National Democratic Party)**တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့ လာရောက် လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၈ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၃၂ ပါတီဖြစ်၍ စုစုပေါင်း ၄၀ ပါတီ ဖြစ်သည်။ ယင်း ၄၀ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၁၀ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၃၀ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့၊ ကံသာရပ်၊ တိတ်နန်းတံတားအနီး၊ ရုံးကြီးလမ်းတွင် ပါတီရုံးချုပ်တည်ရှိသော **အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)**က နိုင်ငံရေး ပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၂-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)၏ အလံပုံစံ**



**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပညာလမ်း၊ အမှတ်(၁၀၁၀/ခ)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၂-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ၏ အလံပုံစံ**



**အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ မန်ဆူရှမ်းကျောင်းနောက်၊ ဟူးမွန်လမ်း၊ အမှတ်(၄၅/၁၉/၇၆၄)တွင် ပါတီရုံးချုပ်တည်ရှိသော **ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ(KKDUP)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၂-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KKDUP)၏ အလံပုံစံ**



**ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KKDUP)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ တာမွေအဝိုင်းအနီး၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ပထမထပ်၊ အမှတ်(၄၇)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၂-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]၏ အလံပုံစံ**



**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# စစ်တွေမြို့တွင် နွေရာသီကျောင်းပိတ်ရက် အခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

စစ်တွေ မတ် ၂၃

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၃ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

သင်တန်းဖွင့်ပွဲတွင် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ယုယုနွယ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အမက ဘောက်သီးစုကျောင်းမှ ဆရာမ ဒေါ်ဝင်းဝင်းနှင့် အမက(မူလွန်) ပြည်တော်သာကျောင်းမှ ဆရာမ ဒေါ်မြင့်မြင့်တို့က အခြေခံအင်္ဂလိပ်စာသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် အခြေခံအင်္ဂလိပ်စာသဒ္ဒါကို သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသို့ စစ်တွေမြို့ပေါ်ရှိ မူလတန်း၊ အလယ်တန်းကျောင်းသား လူငယ် ၂၅ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# အသက်(၆၀)နှင့်အထက် ရှမ်းပြည်နယ်လက်ရွေးစင်ဟောင်းများအား တွေ့ဆုံပွဲနှင့် ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး မတ် ၂၃

ရှမ်းပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အသက်(၆၀)နှင့်အထက် အားကစားသမားဟောင်းများအား တွေ့ဆုံဂုဏ်ပြုချီးမြှင့်ခြင်းကို ယမန်နေ့ နံနက် ၇ နာရီက တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အသက်(၆၀)နှင့်အထက် အားကစားသမားဟောင်းများက အားကစားနည်းအလိုက် မိတ်ဆက်ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်ကိုယ်စားပြုပြီး ရှမ်းပြည်နယ်၏ ဂုဏ်သိက္ခာနှင့်အောင်မြင်မှုအတွက် အားကစားပြိုင်ပွဲတွင် လူအားဖြင့်သော်လည်းကောင်း၊ ငွေအားဖြင့်သော်လည်းကောင်း၊ ဝီရိယများနှင့် စိုက်ထုတ်အရင်းအနှီးပြုကာ အစွမ်းကုန် ကြိုးစားကစားပေးကြသည့်အတွက် ရှမ်းပြည်နယ် လက်ရွေးစင်ဟောင်းတစ်ဦးချင်းစီကို အသိအမှတ်ဂုဏ်ပြုကြောင်း၊ မိမိကျွမ်းကျင်သည့် အားကစားနည်းများအလိုက် နည်းစနစ်ပိုင်းဆိုင်ရာများ၌သော်လည်းကောင်း၊ မိမိတို့သက်တမ်းတစ်လျှောက် ကြိုးစားခဲ့ရသည့် အားကစားနှင့် ပတ်သက်သည့် အသိဉာဏ်၊ ဗဟုသုတနှင့် အတွေ့အကြုံများကို နောင်လာနောက်သား အားကစားသမားလူတော်လူကောင်းများသို့ လက်ဆင့်ကမ်းအမွေပေးဝေ၍သော်လည်းကောင်း၊ မိမိတို့နီးစပ်ရာ မိသားစု၊ အသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ရှိ လူငယ်လူရွယ်များကို ကိုယ်တိုင်တွေ့ကြုံခံစားလာရသည့် အားကစားကို လေ့လာလိုက်စားခြင်း၏ အကျိုးကျေးဇူးများကို မျှဝေပေး၍ အားကစားကိုပါဝင်ဆောင်ရွက်နိုင်ကြစေရန် ဝိုင်းဝန်းတိုက်တွန်း အားပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အားကစားသမားဟောင်း ၁၉၅ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀၀ နှုန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အားကစားနည်းအလိုက် အသက်(၆၀)နှစ်နှင့်အထက် ရှမ်းပြည်နယ် ကိုယ်စားပြု အားကစားသမားဟောင်းများဖြစ်သည့် ဘောလုံး၊ လက်ဝှေ့၊ ပြေးခုန်ပစ်၊ မြန်မာ့သိုင်း၊ ဘတ်စကက်ဘော၊ သေနတ်ပစ်၊ အလေးမ၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ စက်ဘီး၊ ရိုးရာခြင်း၊ စစ်တုရင်၊ ဘော်လီဘော၊ ကြက်တောင်အားကစားသမားများအား ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊




ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ချီးမြှင့်ပေးခဲ့ကြသည်။

ထို့နောက် ရှမ်းပြည်နယ်ကိုယ်စားပြု အားကစားသမားများကိုယ်စား အားကစားသမားဟောင်းတစ်ဦးက ဝမ်းသာပီတိစကား ပြန်လည်ပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ်က အားကစားသမားဟောင်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အားကစားအဖွဲ့များက ဖျော်ဖြေတင်ဆက် သရုပ်ပြကြခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြစ်ကြီးနားမြို့၌ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာဖိုရမ် ကျင်းပ

နေပြည်တော် မတ် ၂၃

(၂၀၀၈)ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာဖိုရမ်ကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် တိုင်းရင်းသားရေးရာဝန်ကြီးက ကြီးမှူး၍မတ် ၂၃ရက်မှ၂၅ရက်အထိ မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပလျက်ရှိရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တိုင်းရင်းသား ရေးရာဝန်ကြီးတို့က ဦးဆောင် ဆွေးနွေးလျက်ရှိကြသည်။



### ရှင်းလင်းပြောကြား

ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာဖိုရမ်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဖွဲ့စည်းပုံ အခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးများ၊ မျိုးချစ်စိတ်၊ပြည်ထောင်စုစိတ်ဓာတ် ထားရှိသင့်သည်များကို အသိပညာများ မျှဝေပေးသည့် ဆွေးနွေးပွဲဖိုရမ်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး စောမာတင်လူသာက ဖိုရမ်ကျင်းပရသည့် ရည်ရွယ်ချက်များနှင့် ဆွေးနွေးပို့ချမည့် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြိတ်ကက်သလစ်ခရစ်ယာန်ကျောင်းသို့ တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေစာအုပ်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/ အဖွဲ့များသို့ ထောက်ပံ့ငွေများ၊ ကချင်ရိုးရာ တိုင်းရင်းသားဝတ်စုံများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်လှူဒါန်းရာ တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြကာ ဖိုရမ်ကို စတင်ဆွေးနွေးခဲ့ကြသည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာဖိုရမ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်က တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်းနေသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးဆုံးအချက်စသည့် ခေါင်းစဉ်ဖြင့် (၂၀၀၈)ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးများ၊ ဒုတိယဝန်ကြီးက မြန်မာ့ပထဝီနိုင်ငံရေး၊ ကမ္ဘာ့ပထဝီနိုင်ငံရေး၊ လက်ရှိကမ္ဘာ့အရေးအခြေအနေနှင့်ပြည်ထောင်စုစိတ်ဓာတ်အကြောင်းကို ဦးဆောင်၍ စတင်ဆွေးနွေးပို့ချခဲ့ကြသည်။

အဆိုပါဖိုရမ်သို့ မြိတ်ခရိုင်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးများက ဆက်လက် ဆွေးနွေးပို့ချကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရမည်းသင်းခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်း (၁ / ၂၀၂၃ ) ဖွင့်ပွဲ အခမ်းအနား ကျင်းပ

ရမည်းသင်း မတ် ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း ( ၁/ ၂၀၂၃ )ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက မျက်မှောက်ခေတ်ကာလတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ငလျင်ဘေးအန္တရာယ်အပါအဝင် သဘာဝဘေးအန္တရာယ်များ မကြာခဏဖြစ်ပေါ်ကြုံတွေ့နေကြရသည့်အတွက် ယခုကဲ့သို့ဘေးအန္တရာယ်များကို မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ပရဟိတ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားလာစေရန်၊ ခေတ်မီစက်ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းအသုံးပြုတတ်စေရန်နှင့် အခြေခံရှာဖွေကယ်ဆယ်ရေးနည်းစနစ်များကို စာတွေ့/လက်တွေ့ သင်ကြားပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ခင်းကျင်းပြသထားသော ရှာဖွေကယ်ဆယ်ရေးသုံး ခေတ်မီစက်ပစ္စည်းကိရိယာများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ရမည်းသင်းခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း(၁/၂၀၂၃)ကို ရမည်းသင်းခရိုင်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား ၂၀ ၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် စိတ်ပါဝင်စားသည့်ပြည်သူ ငါးဦး စုစုပေါင်း သင်တန်းသား ၅၀ တို့ဖြင့် မတ် ၂၂ ရက်မှ ဧပြီ ၃ ရက်အထိ ရမည်းသင်းခရိုင်မီးသတ်ဦးစီးဌာနရုံး၌ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ နည်းပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# တောင်ငူမြို့၌ (၂၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

တောင်ငူ မတ် ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ တောင်ငူခရိုင်ရဲတပ်ဖွဲ့နှင့် ခရိုင်ပညာရေးမှူးရုံးတို့ ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက (၂၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး တောင်ငူခရိုင်အခြေခံကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ အထက်တန်း ဆင့်၊ အလယ်တန်းဆင့်နှင့် မူလတန်းဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ပန်းချီပြိုင်ပွဲတွင် ၈၅ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၂၆ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၃၃ ဦး စုစုပေါင်း ၁၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲကျင်းပရာသို့ တောင်ငူခရိုင်တပ်နယ်မှူး ဗိုလ်မှူးကြီး သန်းနိုင်ညွန့်၊ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တောင်ငူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ လာရောက်အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။ ခရိုင် (ပြန်/ဆက်)



# တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ကြီးမားသည့်ဈေးကွက်တစ်ခုဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ပြောကြား

ဖနောင်ပင် မတ် ၂၃

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနှင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ကြီးမားသည့်ဈေးကွက်တစ်ခုဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ယမန်နေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံက ယခုကဲ့သို့ ကြီးမားသည့်ဈေးကွက်အဖြစ် ရပ်တည်နိုင်ရန် ကမ္ဘောဒီးယား-တရုတ် လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာသဘောတူညီချက် (CCFTA) နှင့် ဒေသတွင်းလွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်(RCEP) တို့က များစွာ ပံ့ပိုးပေးခဲ့ကြောင်းနှင့် တရုတ်ဈေးကွက်သည် အာဆီယံနိုင်ငံများအတွက် အကျိုးကျေးဇူးများစွာရရှိခဲ့ကြောင်းလည်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံက ကိုဗစ်-၁၉ ဆိုင်ရာမူဝါဒကို ပြင်ဆင်သတ်မှတ်ခဲ့သည့်အတွက် ကမ္ဘောဒီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများသို့ တရုတ်ခရီးသည်များ ခရီးသွားလာမှုပြန်လည်များပြားလာမည်ဖြစ်ကြောင်း ဟွန်ဆန်က ထပ်လောင်းပြောကြားသည်။

ကိုးကား - ခမာတိုင်းစ်၊ ဘာသာပြန် - စိုးသူရ

# အာဖရိကနိုင်ငံ ၁၀ နိုင်ငံသည် ဆင်းရဲမွဲတေမှု အမြင့်မားဆုံးဟု ကုလသမဂ္ဂ စီးပွားရေးကော်မရှင် ပြောကြား



အဒစ်အဘာဘာ မတ် ၂၃

အာဖရိကနိုင်ငံများအနက် ၁၀ နိုင်ငံသည် ဆင်းရဲမွဲတေမှုအမြင့်မားဆုံးဖြစ်ကြောင်း ကုလသမဂ္ဂ စီးပွားရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါနိုင်ငံများသည် အာဖရိကတွင် ဆင်းရဲမွဲတေမှုအမြင့်မားဆုံးနှင့် ရင်ဆိုင်နေရသော နိုင်ငံများဖြစ်ပြီး ၎င်းနိုင်ငံများသည် ဘူရွန်ဒီ၊ ဆိုမာလီယာ၊ မာဒါဂတ်စကာ၊တောင်ဆူဒန်၊ဗဟိုအာဖရိကသမ္မတနိုင်ငံ၊ မာလာဝီ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဂီနီဘစ်ဆော၊ မိုဇမ်ဘစ်နှင့် ဇမ်ဘီယာနိုင်ငံတို့ ဖြစ်ကြောင်း ကုလသမဂ္ဂစီးပွားရေးကော်မရှင်မှ ဒုတိယအမှုဆောင် အတွင်းရေးမှူးနှင့် စီးပွားရေးပညာရှင် ဟာနန်မော်ဆေးက အီသီယိုးပီးယားနိုင်ငံ မြို့တော်အဒစ်အဘာဘာ၌ ယမန်နေ့တွင် ကျင်းပသည့် အာဖရိကဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးများဆိုင်ရာ ကုလသမဂ္ဂ စီးပွားရေးကော်မရှင် ညီလာခံတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ၁၀ နိုင်ငံမှ လူဦးရေ ၆၀ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းကြားသည် ဆင်းရဲမွဲပါးမှုဒဏ်ကို ခံစားနေရသည်ဟု ကုလသမဂ္ဂ စီးပွားရေးကော်မရှင်၏ စစ်တမ်းတစ်ရပ်ကို ကိုးကားပြီး စီးပွားရေးပညာရှင် ဟာနန်မော်ဆေးက ဆိုသည်။

အာဖရိကရှိ အိမ်ထောင်စုများသည် ၎င်းတို့ ဝင်ငွေ၏ ၄၀ ရာခိုင်နှုန်းကို စားရေရိက္ခာအတွက် သုံးစွဲရပြီး ကမ္ဘာ့အကျပ်အတည်းများ၏ သက်ရောက်မှုသည် အာဖရိကရှိ အဆင်းရဲဆုံး အိမ်ထောင်စုများအပေါ် ရိုက်ခတ်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် ၂၀၂၂ ခုနှစ်တွင် အာဖရိကနိုင်ငံသား သန်း ၃၁၀ သည် စားရေရိက္ခာမလုံလောက်မှုကို ခံစားရပြီး အာဖရိကနိုင်ငံသား ခြောက်သန်းသည် ငတ်မွတ်မှုဒဏ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

လက်ရှိတွင် ပြည်သူ ၅၄၆ သန်းခန့်သည် ဆင်းရဲမွဲတေစွာ နေထိုင်နေရဆဲဖြစ်ပြီး ယင်းပမာဏသည် ၁၉၉၀ ပြည့်နှစ်မှစပြီး ၇၄ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်



# ထိုင်းနိုင်ငံ မြို့တော်ဘန်ကောက်၌ သေနတ်သမားတစ်ဦးက ဦးတည်ရာမဲ့သေနတ်ပစ်ခတ်ခဲ့ရာ သုံးဦး သေဆုံး

ဗန်ကောက် မတ် ၂၃

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက် အနောက်တောင်ဘက်ရှိ ပက်ချာဘူရီရိုဒ်၌ သေနတ်သမားတစ်ဦးက ဦးတည်ရာမဲ့သေနတ်ပစ်ခတ်ခဲ့ရာ သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

အသက် ၂၉ နှစ်အရွယ် အမျိုးသားသည် နှစ်ထပ်တိုက်တစ်လုံးပေါ်မှ သေနတ်ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းပစ်ခတ်မှုကြောင့် ကုန်ပစ္စည်းပို့ဆောင်ရေးဝန်ထမ်းတစ်ဦး အပါအဝင် သုံးဦး သေနတ်ထိမှန်သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။ ထို့ပြင် အနီးဝန်းကျင်ရှိ ပြည်သူအများအပြားလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားပြီးနောက် မကြာမီအချိန်တွင် ထိုင်းအထူးတပ်ဖွဲ့ဝင်များက အဆိုပါအဆောက်အအုံကို ဝင်ရောက်စီးနင်းခဲ့ရာ ၁၅ မိနစ်ကြာ ထိပ်တိုက်တွေ့ဆုံမှုများဖြစ်ပွားပြီး သေနတ်သမား အမျိုးသားသေနတ်ထိမှန် သေဆုံးခဲ့ကြောင်း သိရသည်။

သေနတ်သမားသည် မူးယစ်ဆေးဝါးအမှုဖြင့် တရားရုံးတွင် တရားရင်ဆိုင်နေခဲ့ရသူတစ်ဦးဖြစ်သည်ဟု ရဲအရာရှိများက ဆိုသည်။ စိတ်ဖိစီးမှုများပြီး ယခု သေနတ်ပစ်ခတ်မှုကို ကျူးလွန်ခြင်းဖြစ်နိုင်ဖွယ်ရှိကြောင်း ရဲအရာရှိများက မှတ်ချက်ပြုပြောကြားသည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက နိုင်ငံ၏ အရှေ့မြောက်ပိုင်း ပြည်နယ်တစ်ခုတွင် ရဲအရာရှိဟောင်းတစ်ဦးက ကလေးထိန်းစင်တာတစ်ခုကို သေနတ်ဖြင့်ဝင်ရောက်ပစ်ခတ်ပြီး ဓားဖြင့်တိုက်ခိုက်ခဲ့ရာ ကလေး ၂၄ ဦး အပါအဝင် ၃၆ ဦး သေဆုံးခဲ့သည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် သေနတ်နှင့်ပတ်သက်သည့် သေဆုံးမှုအများဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။

ထိုင်းအစိုးရက သေနတ်ကိုင်ဆောင်မှုအပေါ် တင်းကျပ်သော စစ်ဆေးမှုများနှင့် ထိန်းချုပ်မှုများကို စတင်လုပ်ဆောင်လျက်ရှိသော်လည်း ယင်းအစီအမံများ မည်မျှထိရောက်မှုရှိ မရှိဆိုသည်ကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

■

# အိန္ဒိယနိုင်ငံ၌ မီးရှူးမီးပန်းစက်ရုံတစ်ခု ပေါက်ကွဲမီးလောင်၊ အနည်းဆုံး ရှစ်ဦး သေဆုံး

နယူးဒေလီ မတ် ၂၃

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်ရှိ မီးရှူးမီးပန်းစက်ရုံတစ်ခု၌ ယနေ့တွင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ရှစ်ဦးသေဆုံးပြီး ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာ ရရှိသူအချို့မှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်း တာဝန်ရှိသူများက ဆိုသည်။

အဆိုပါမီးရှူးမီးပန်းစက်ရုံသည် မြို့တော် ချန်နိုင်း၏ အနောက်တောင်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာရှိ ကန်ချီပူရမ်ခရိုင်တွင် တည်ရှိသည်။

စက်ရုံသုံး ကုန်ကြမ်းပစ္စည်းများ မှရုတ်တရက် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ဆိုသည်။

ပေါက်ကွဲမှုကြောင့် ငါးဦးပွဲချင်းပြီးသေဆုံးပြီး အခြားသုံးဦးမှာ ဆေးရုံ၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဒေသန္တရရဲအရာရှိတစ်ဦးက ဆိုသည်။

ဒဏ်ရာရရှိသူ ၁၃ ဦးကို ကန်ချီပူရမ်ခရိုင် ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ကျန်သုံးဦးကို ချန်နိုင်းမြို့ရှိ ဆေးရုံနှစ်ရုံသို့ လွှဲပြောင်းပေးထားကြောင်း သိရသည်။

ဒဏ်ရာရသူအချို့မှာ စိုးရိမ်ရသည့်အခြေအနေကြောင့် သေဆုံးသူဦးရေ တိုးလာဖွယ်ရှိကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် စက်ရုံအနီး တစ်ဝိုက်တွင် မီးရှူးမီးပန်းများ ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး နောက် မီးများလောင်ကျွမ်းခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် စက်ရုံအတွင်း၌ ဝန်ထမ်း ၂၅ ဦးထက် မနည်း အလုပ်လုပ်ကိုင်လျက်ရှိပြီး စက်ရုံ၏ အဆောက်အအုံတစ်ခု ပြိုကျခဲ့သည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အကြီးတန်းရဲအရာရှိတစ်ဦးက ပြောကြားသည်။

စက်ရုံပေါက်ကွဲမှုနှင့် ပတ်သက်ပြီး အမှုဖွင့်ထားကာ ပေါက်ကွဲမှုဖြစ်ပွားသည့် အကြောင်းရင်းခံကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲအရာရှိများက ဆိုသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# ဂျပန်နိုင်ငံက စက်မှုထိပ်သီး ခုနစ်နိုင်ငံ ထိပ်သီးအစည်းအဝေးမကျင်းပမီ အကြမ်းဖက်မှုနှိမ်နင်းရေးတပ်ဖွဲ့ ဖွဲ့စည်း

တိုကျို မတ် ၂၃

ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့သည် ဂျပန်နိုင်ငံအနောက်ပိုင်း ဟီရိုရှီးမားမြို့၌ စက်မှုထိပ်သီး ခုနစ်နိုင်ငံ ထိပ်သီးအစည်းအဝေးမကျင်းပမီ အကြမ်းဖက်မှုနှိမ်နင်းရေးတပ်ဖွဲ့ကို ယမန်နေ့က ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

၎င်းထိပ်သီးအစည်းအဝေးအား ဟီရိုရှီးမားမြို့ရှိ Grand Prince Hotel ၌ မေလ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါအစည်းအဝေးတက်ရောက်လာမည့် နိုင်ငံ့ခေါင်းဆောင်များ၏ လုံခြုံရေးအတွက် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့၊ အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးဆိုင်ရာလုပ်ငန်းများ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဟိုတယ်အနီးရှိ ရေပြင်သို့ ရေယာဉ်များ ဝင်ရောက်ခြင်းအား ကန့်သတ်သွားမည်ဖြစ်သည်။

ထို့ပြင်ကမ်းခြေစောင့်တပ်ဖွဲ့မှ မော်တော်ဘုတ်နှင့် လေယာဉ်များကလည်း အစည်းအဝေးကျင်းပရာ ဟိုတယ်အနီးရှိ ရေပြင်တွင် ကင်းလှည့်စောင့်ကြပ်သွားမည်ဖြစ်သည်။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်က ကျူရှူးနှင့်အိုကီနာဝါတွင် ဂျပန်နိုင်ငံက ထိပ်သီးအစည်းအဝေး ကျင်းပစဉ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက ကန့်သတ်ထားသည့်နေရာများသို့ ဝင်ရောက်ခဲ့သည်။

ကိုးကား - အင်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်ခဲ့**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဗထူးရပ်ကွက်နေ သန်းဇော်ဦးသည် ၎င်းအသုံးပြုသည့် "U Zaw Zaw" Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အောင်မင်္ဂလာ(၁) ရပ်ကွက်နေ ဇော်မျိုးဦး(ခ)ပွကြီးသည် ၎င်းအသုံးပြုသည့် "Zaw Myo Oo" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအားဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ရေကြည်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပ

ရေကြည် မတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ အမက ဘုရားကြီးကုန်းကျောင်းတွင် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။

**ဟောပြော**

ဦးစွာ ရေကြည်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်(ဖ)က ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ ဆောင်ပုဒ်ဖြစ်သော လူသားအားလုံးကျန်းမာဖို့ သစ်တောများကို ထိန်းသိမ်းစို့ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများကို ဟောပြောသည်။

ဆက်လက်ပြီး သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးလာစေရန်နှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်စေရန်ရည်ရွယ်ပြီး ကျောင်းဝင်းအတွင်း စိုက်ပျိုးရန်အတွက် ကျွန်း၊ ပျဉ်းကတိုး၊ မန်ကျည်းရှား၊ ခရေ၊ မဟော်ဂနီ၊ ကံ့ကော်ပျိုးပင်များကို ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများထံ သစ်တောဝန်ထမ်းများက ဝေငှပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားကို ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် သစ်တောဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## (၂၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

ပြည် မတ် ၂၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့နံနက် ၉ နာရီက (၂၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခရိုင်အဆင့် (ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ)ကျင်းပရာ ပြည်ခရိုင်အတွင်း မြို့နယ်များရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၅၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်မှုအား ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အောင်နိုင်ဦး၊ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်နိုင်ထွန်းဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူး၊ ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ပြန်/ဆက်ဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။



ပြိုင်ပွဲများတွင် အခြေခံပညာအထက်တန်းအဆင့် ကွန်ပျူတာပန်းချီ ရှစ်ဦးအပါအဝင် ပန်းချီနှင့် ပိုစတာပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းအဆင့် ၁၆ ဦးနှင့် မူလတန်းအဆင့် ၂၇ ဦး စုစုပေါင်း ၅၁ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ညောင်လေးပင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခရိုင်အဆင့် ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကွန်ပျူတာပြိုင်ပွဲ ကျင်းပ

ညောင်လေးပင် မတ် ၂၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ဇွန် ၂၆ ရက်၌ ကျရောက်မည့် (၂၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခရိုင်အဆင့် ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကွန်ပျူတာပြိုင်ပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲအား ညောင်လေးပင်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပန်းချီပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ၂၇ ဦး၊ ပိုစတာပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ခုနစ်ဦး၊ ကာတွန်းပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် လေးဦးနှင့် ကွန်ပျူတာ၊ ပန်းချီပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် နှစ်ဦးဖြစ်ပြီး ပြိုင်ပွဲဝင် စုစုပေါင်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးအောင်ကျော်မိုး၊ ခရိုင်ပညာရေးမှူး ဦးညွန့်ဝေ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မာန်အောင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ



မာန်အောင် မတ် ၂၃

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ အရင်းမပျောက်မတည်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ဟိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးကဏ္ဍ မြစိမ်းရောင်ကျေးရွာမြို့နယ် ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးထွန်းစောက စီမံကိန်းစိုက်ပျိုးရေးကဏ္ဍ အကြောင်းအရာများကိုလည်းကောင်း၊ မွေးမြူရေးကဏ္ဍ မြစိမ်းရောင်ကျေးရွာ မြို့နယ်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာသန်းဝင်းက စီမံကိန်းမွေးမြူရေးကဏ္ဍ အကြောင်းအရာများကိုလည်းကောင်း၊ သမဝါယမကဏ္ဍ မြို့နယ်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးဒေါ်လွင်လွင်ရီက သမဝါယမကဏ္ဍ အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ကျေးရွာများသို့ မတည်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ရာ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ကြမည့် ပလင်ကျေးရွာနှင့် နတ်ပြင်ကျေးရွာအား တစ်ရွာလျှင် ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၂၀၀ ကိုလည်းကောင်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ကြမည့် ကမားဝကျေးရွာအား ငွေကျပ်သိန်း ၆၀၀ နှင့် သင်္ဂဇာကျေးရွာအား ငွေကျပ်သိန်း ၄၀၀ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ သမဝါယမကဏ္ဍတွင် ငအင်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းအား ငွေကျပ် ၁၆၈ သိန်းကိုလည်းကောင်း၊ ငါးလုပ်ငန်းဆောင်ရွက်မည့် ခအုန်းမော်ကျေးရွာအုပ်စု ဗောဓိကုန်းကျေးရွာအား ငွေကျပ်သိန်း ၆၀၀ တို့ကိုလည်းကောင်း တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ကြသည်။

မြို့နယ်(ပြန်/ဆက်)

# ပန်းတနော်မြို့နယ် ရွှေလှေကျေးရွာရှိ တပ်မတော်ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော ပြည်လုံးကပ်ကျော် ကိုးနဝင်းစေတီတော်မြတ်အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်အသစ်တင်လှူပူဇော်

နေပြည်တော် မတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရွှေလှေကျေးရွာရှိ တပ်မတော် ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော် မူသော ပြည်လုံးကပ်ကျော် ကိုးနဝင်းစေတီတော်မြတ်အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်အသစ် တင်လှူ ပူဇော်ခြင်းနှင့် (၇၆)ကြိမ်မြောက် စုပေါင်းမဟာဒုက် ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ပန်းတနော်မြို့ မြတောင် ကျောင်းတိုက်နာယက စာချဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော် မူကြပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အလှူရှင် များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညို ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြတောင်ကျောင်းတိုက်နာယက စာချဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လှူဖွယ်ဝတ္ထုများ ကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး မြတောင်ကျောင်းတိုက်နာယက စာချဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချ အမျှ ပေးဝေကြသည်။



**ဗုဒ္ဓါဘိသေက အနေကဇာတင်**

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာ ကြသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ကို ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံ လျက် ပြည်လုံးကပ်ကျော် ကိုးနဝင်းစေတီတော်မြတ် အား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး မင်္ဂလာ အချိန်တွင် စေတီအထွတ်သို့ ပင့်ဆောင်တင်လှူပူဇော် ကြကာ သံဃာတော်များက စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြ သူများက သိမ်ဆင်း သံဃာတော် ၇၆ ပါးတို့အား သိမ်ဆင်းလောင်းလှူခဲ့ကြပြီး နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မူဆယ်ခရိုင် အထက်တန်းဆင့်နှင့် အလယ်တန်းဆင့် ဆရာ ဆရာမများ ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲ ကျင်းပ

မူဆယ် မတ် ၂၃

နွေရာသီ အစိုးရကျောင်းပိတ် ရက်တွင် သင်ကြားမှုစနစ်များနှင့် ဘာသာရပ်အလိုက် သင်ကြားမှု စွမ်းရည်များ တိုးတက်မြင့်မားရေး အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ရှိ အမှတ်(၂) အခြေခံ ပညာ အထက်တန်းကျောင်း၌ ခရိုင်အဆင့် အထက်တန်းနှင့် အလယ်တန်းဆင့် ဆရာ ဆရာမ များကို ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲ ပြုလုပ်သည်။



အဆိုပါ ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲကို မူဆယ်မြို့တွင် အလယ်တန်းဆင့် ဆရာ ဆရာမ ၁၆၀ နှင့် အထက်တန်းဆင့် ဆရာ ဆရာမ ၆၄ ဦးတို့ တက်ရောက်ခဲ့ကြပြီး မတ် ၂၀ ရက် မှ မတ် ၂၄ ရက်အထိ ဖွင့်လှစ် သင်ကြား ပို့ချသွားမည်ဖြစ် ကြောင်း သိရသည်။

ဘာသာရပ် စွမ်းရည်မြှင့် ဆွေးနွေးပွဲကို မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင် သုံးမြို့နယ်တွင် သင်ကြား ပို့ချလျက်ရှိပြီး အလယ်တန်းဆင့် ဆရာ ဆရာမ ၄၃၆ ဦးနှင့် အထက် တန်းဆင့် ဆရာ ဆရာမ ၁၅၄ ဦး တက်ရောက်လျက်ရှိကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# တိုက်ကြီးခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ငါးမွေးမြူရေးနည်းပညာပေးသင်တန်း ဖွင့်လှစ်

တိုက်ကြီး မတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပျဉ်းမကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ယမန်နေ့နံနက် ၉ နာရီက ငါးမွေးမြူရေး နည်းပညာပေးသင်တန်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ဆက်လက်၍ တိုက်ကြီးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ငါးမွေးမြူရေးနည်းပညာ များနှင့်ပတ်သက်၍ ဘာသာရပ်အလိုက် ဆွေးနွေးပို့ချသည်။

အဆိုပါ ငါးမွေးမြူရေးနည်းပညာပေးသင်တန်းတွင် ပျဉ်းမကုန်း ကျေးရွာမှ ငါးမွေးတောင်သူ ၃၂ ဦး တက်ရောက်ကြကာ သင်တန်းမှ ငါးမွေးမြူရေးနှင့်ပတ်သက်သော နည်းပညာပေး ဘာသာရပ်ဆိုင်ရာ စာအုပ်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# ခနုဖြူမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ခနုဖြူ မတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သော ကျေးလက်ရေရရှိရေးလုပ်ငန်းများ နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမြင့်က လုပ်ငန်းများနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်က လမ်းညွှန်အမှာစကား




ပြောကြားသည်။ ထို့နောက် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာကျေးရွာများမှ တစ်ဦးချင်း ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(မူလရန်ပုံငွေ)၊ ယူနီဆက် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးလက်ရေပေးရေး လုပ်ငန်း ခြောက်ခု၊ ကျေးရွာအုပ်စု ၂၂ အုပ်စု ကျေးရွာ ၂၂ ရွာတွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့်ဆောင်ရွက်သော ကွန်ကရစ် လမ်း ၁၃ ခု၊ မီးလင်းရေး ကိုးခုနှင့် ကျေးရွာ တစ်ရွာတွင် Cash For Work စီမံကိန်းဖြင့် ဆောင်ရွက်သော မြေရောကျောက်စရစ်ခင်းခြင်း လုပ်ငန်းတို့ကို ကျေးရွာကော်မတီများထံသို့ လုပ်ငန်းလွှဲပြောင်းပေးအပ် ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းစာအုပ်များကို မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ ထံသို့ လွှဲပြောင်းပေးအပ်ခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်း လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ကျေးလက်ရေပေးရေးလုပ်ငန်းမှာ အကျိုးပြု အိမ်ခြေ ၉၇၁ အိမ်၊ အကျိုးပြုလူဦးရေ ၃၆၉၁ ဦး၊ အကျိုးပြုကျေးရွာ ၁၅ ရွာ ဖြစ်ကြောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းမှာ အကျိုးပြုအိမ်ခြေ ၃၇၈၃ အိမ်၊ အကျိုးပြု လူဦးရေ ၁၄၉၈၁ ဦး နှင့် အကျိုးပြုကျေးရွာ ၅၃ ရွာဖြစ်ကြောင်းနှင့် Cash For Work စီမံကိန်း လုပ်ငန်းမှာ အကျိုးပြုအိမ်ခြေ ၁၂၂ အိမ်၊ အကျိုးပြုလူဦးရေ ၄၀၉ ဦး၊ အကျိုးပြုကျေးရွာ သုံးရွာဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

○ ၂၀၂၄ အာရှဖလားမှ

ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံး နှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲကို ယခုလအတွင်းကျင်းပခဲ့ပြီး မြန်မာအသင်းသည် မလေးရှားနှင့် ကမ္ဘောဒီးယားတို့ကို အနိုင်ယူကာ အုပ်စုပထမရပြီး ပထမအဆင့်ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ဒုတိယအဆင့် ခြေစစ်ပွဲအတွက် မကြာမီလေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

**ကိုညီလေး**

## ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

❂ ကျောဖုံးမှ

အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

**လေ့ကျင့်သင်ကြားပေးလျက်ရှိ**

ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" သည် ယခုအသက် ရှစ်လသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၃ လက်မ၊ ကိုယ်လုံးလုံးပတ် ၅ ပေ ၁၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၄၂၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန်၊ ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် မတ် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မတ် ၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ(၅၅)၊ အမှတ်(၁၂)တွင် မိမိတို့၏ ပင်ကိုရိုးသားမှုကို မကောင်းမွန်သောအရောင်များဖြင့် မဆိုးသင့်ကြောင်း ပညာပေးတင်ဆက်ထားသည့် "အရောင်မဆိုးချင်ပါနဲ့" မျက်နှာဖုံးဇာတ်လမ်း၊ မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့သောက်ရေအိုးစင်တင်ကြပုံအကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "မြန်မာ့ဓလေ့သောက်ရေအိုးစင်" သုတဆောင်းပါး၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ကလေးများအား မိမိတို့၏ နေရပ်ဒေသကို တန်ဖိုးထားချစ်မြတ်နိုးတတ်စေရန် တင်ဆက်ထားသည့် "ဒေသ" နှစ်မျက်နှာကာတွန်း၊ တောရွာဓလေ့ ကလေးများ၏လွတ်လပ်စွာ စည်းစည်းလုံးလုံးညီညီ ညွတ်ညွတ် ဆော့ကစားကြပုံကို တင်ဆက်ထားသည့် "ပုန်းစလုတ်" ဝတ္ထု၊ အလှူအိမ်သို့သွားရာ၌ မိမိဖိနပ်




မပျောက်စေရန်ထားတတ်သော ဖြတ်ထိုးဉာဏ်ကောင်းသည့် ကိုလာအကြောင်းကို ရေးဖွဲ့ထားသည့် "တောင်တစ်ဖက်မြောက်တစ်ဖက်" တစ်မျက်နှာကာတွန်း၊ သူတစ်ပါးကိုကူညီပါက မိမိတွင်လည်း ကောင်းကျိုးချမ်းသာရနိုင်ပုံကို ကလေးများအား အတုယူဖွယ်တင်ဆက်ထားသည့် "စေတနာ၏ကောင်းကျိုး" ပုံပြင်၊ လူသားအားလုံးကို ဒုက္ခရောက်စေမည့် မူးယစ်ဆေးဝါးများကို ရှောင်ချခြင်းကြောင့် ဒုက္ခနှင့် ကြုံတွေ့ရပုံကို ရေးဖွဲ့ထားသည့် "ကိုတိုး-ကိုမိုးပါဝင်သော မူးယစ်ဆေး" နှစ်မျက်နှာကာတွန်း၊ ကလေးများအနေဖြင့် တွဲဖက်မစားသင့်သော အစားအစာများရှိကြောင်းနှင့် အစားအသောက်များကို စားသောက်ရာ၌ သတိထားဆင်ခြင်နိုင်စေရန် တင်ဆက်ထားသည့် "တာတေ-တော်ပါသေးရဲ့" နှစ်မျက်နှာကာတွန်း၊ တက္ကသိုလ်စတက်သည့် ကျောင်းသားသစ်ကို ကျောင်းတက်ရာ၌ အဆင်ပြေမပြေ၊ အခြေအနေမည်သို့ရှိသနည်း စသည်ဖြင့် မေးမြန်းပြောဆိုပုံကို အသုံးအနှုန်းအမျိုးမျိုးဖြင့် လေ့လာနိုင်မည့် "ရွှေသွေးစကားဝိုင်း" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒိုက်ဦးမြို့နယ်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မွေးမြူရေးခြံဖျန်းပိုးသတ်ဆေးများ လိုက်လံဖျန်းပေး

**ဒိုက်ဦး မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မွေးမြူရေးခြံများတွင် ခြံဖျန်းပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်လင်းက မွေးမြူရေးခြံများ ဇီဝလုံခြုံမှု ကောင်းမွန်ပြီး ကူးစက်ရောဂါများမဖြစ်ပွားစေရန်နှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခြံဖျန်းပိုးသတ်ဆေးများ ဖျန်းပေးခြင်းဖြစ်ကြောင်းနှင့် ပိုးသတ်ဆေးအသုံးပြုပုံပြုနည်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နွား၊ ကြက်၊ ဝက် မွေးမြူကြသည့် မွေးမြူရေးခြံများကို ခြံဖျန်းပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခဲ့သည်။

အဆိုပါ ခြံဖျန်းပိုးသတ်ဆေးများ လိုက်လံဖျန်းပေးမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

■

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၅ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၉၀ | ၂၁၉၀ | ၂၄၂၀ | ၂၈၁၀ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၀၀ | ၂၁၅၀ | ၂၁၅၀ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၅ | ၂၁၈၅ | ၂၁၉၀ | ၂၁၉၀ | ၂၄၂၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၃၀ | ၂၂၃၀ | ၂၁၉၀ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၁၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၀ | ၂၂၃၅ | ၂၂၆၅ | ၂၂၇၀ | ၂၂၇၀ | ၂၅၀၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၃၀ | ၂၂၃၀ | ၂၁၉၀ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၁၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၀ | ၂၂၃၅ | ၂၂၆၅ | ၂၂၇၀ | ၂၂၇၀ | ၂၅၀၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၄ | ၂၀၆၇ |
| 95 Ron | ၂၀၈၄ | ၂၁၅၉ |
| HSD (500 ppm) | ၁၉၉၈ | ၂၀၆၇ |
| HSD (50 ppm) | ၂၀၇၂ | ၂၁၄၃ |
| HSD (10 ppm) | ၂၀၇၂ | ၂၁၄၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၃**

ကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်ရှိ နယ်မြေခံရေတပ်အခြေစိုက်စခန်း ဆိပ်ခံတံတား၌ အခြေပြု၍ ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၁၀၈ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၅၁ ဦး၊ ခွဲစိတ်ရောဂါ ခြောက်ဦး၊ သားဖွား/မီးယပ်ရောဂါ သုံးဦး၊ ကလေးရောဂါ ငါးဦး၊ အရိုးရောဂါ ၁၃ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ငါးဦး၊ မျက်စိရောဂါ ၁၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ခြောက်ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ဓာတ်မှန်ရိုက်လူနာ နှစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ လေးဦးနှင့် ECG ဖြင့် နှလုံးစမ်းသပ်လူနာ ခြောက်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် နယ်မြေခံတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ် –

အခုလိုလာရောက်ဆေးကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဒေသခံပြည်သူတွေအနေနဲ့ ရန်ကုန်သွားပြီး ဆေးကုသရင်အတော်အကုန်အကျများပါတယ်။ ရောဂါပေါင်းစုံ လွယ်လွယ်ကူကူ ကုသရတဲ့အတွက် ကျေးဇူးလည်း တင်ပါတယ်။ ကျွန်တော်တို့မြို့ကို အခုလိုလာရောက်ကုသခွင့်ပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။ လိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းပေးပါတယ်။ ကျွန်တော်တို့ ကျွန်းနေပြည်သူတွေကိုလည်း သေချာဂရုစိုက် ကုသပေးပါတယ်။ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးကိုလည်း ဂရုစိုက်ပေးပါတယ်။ အခုလိုဆေးကုသပေးမှုတွေကိုလည်း မကြာခဏ လာရောက်ပေးစေလိုပါတယ်။ အခုလို ပါရဂူတွေအများကြီးပါတဲ့ သံလွင်ဆေးကုသဘော်ကြီး လာရောက်ဆေးကုသပေးတဲ့အတွက် ပါရဂူကြီးတွေနဲ့ ဆရာဝန်၊ ဆရာမတွေကိုလည်း အထူးပင်ကျေးဇူး တင်ပါတယ်။ နိုင်ငံတော်အကြီး အကဲကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျွန်မကတော့ ကျွန်းမှာမွေးပြီး ကျွန်းမှာကြီးတဲ့ ကျွန်းသူတစ်ယောက် ဖြစ်ပါတယ်။ ကျွန်းမှာတော့ ကျန်းမာရေးဖြစ်လာပြီဆိုရင် ခက်ခဲမှုတွေရှိပါတယ်။ မြို့ပေါ်မှာရှိတဲ့ ဆရာဝန်၊ ဆရာမနည်းပါးမှုရှိတဲ့အတွက် ရောဂါကြီးကြီးမားမားဖြစ်လာရင်အတော်ခက်ခဲပါတယ်။ အခုလိုသံလွင်ဆေးကုသဘော်ကြီး လာရောက်ကုသပေးတော့ မျက်စိဆရာဝန်ကြီးတွေ၊ အရိုးအကြောဆရာဝန်ကြီးတွေ၊ သားဖွားမီးယပ်ဆရာဝန်ကြီးတွေ၊ အထွေထွေရောဂါ ကုသပေးတဲ့ ဆရာဝန်ကြီးတွေပါတဲ့အတွက် ကျွန်မတို့ ကျွန်းသူ၊ ကျွန်းသားတွေအတွက် အဆင်ပြေပါတယ်။ အတွင်းတိမ်မျက်လုံးဝေဒနာခံစားနေရသူတွေ အတွက်လည်း မှန်ဘီလူးနဲ့ အစားထိုးကုသပေးတဲ့အတွက် ကျွန်းသူ၊ ကျွန်းသားတွေအတွက် အများကြီးအဆင်ပြေပါတယ်။ ဓာတ်မှန်ရိုက်ကူးကုသပေးတဲ့အတွက် ခန္ဓာကိုယ်အတွင်းပိုင်းမှာရှိတဲ့ ရောဂါရှိ၊ မရှိကိုလည်း သိရှိနိုင်ပါတယ်။ ဆေးဆိုရင်လည်း တစ်လစာပေးတာမျိုး၊ ဆေးထိုးပေးတာမျိုး ကုသမှုပေးပါတယ်။ ဆေးဝါးစုံစုံလင်လင်၊ ပါရဂူတွေ၊ ဆရာဝန်ကြီးတွေနဲ့ ကုသခွင့်ရတဲ့အတွက် နိုင်ငံတော် အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်။ ခွဲစိတ်မှုလိုအပ်တဲ့ လူနာတွေကိုလည်း သင်္ဘောပေါ်မှာပဲ ခွဲစိတ်ပေးပါတယ်။ စားရေး၊ သောက်ရေးတွေကိုလည်း စီစဉ်ပေးပါတယ်။ သွားရေး၊ လာရေးအတွက်လည်း စီစဉ်ပေးပါတယ်။ သံလွင်ဆေးကုသဘော်ကြီးကို အမြဲတမ်းလာရောက် ကုသပေးစေလိုပါတယ်။ အခုလိုစီစဉ်ပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပါရဂူကြီးတွေ၊ ဆရာဝန်၊ ဆရာမများအားလုံးကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။

**သတင်းစဉ်**








ဒေသခံပြည်သူများ

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဆရာ ဆရာမများ မွမ်းမံသင်တန်းတွင် အသိပညာပေးဆွေးနွေး



**နေပြည်တော် မတ် ၂၃**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်ရာတွင် အဓိကကျသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းတည်ဆောက်ရန်အတွက် ဆရာ ဆရာမများ မွမ်းမံသင်တန်းများတွင် အသိပညာပေးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ကော်မရှင်အဖွဲ့ဝင်များက ကြီးကြပ်လိုက်ပါလျက် ကော်မရှင်(ရုံးခွဲ)များမှအရာထမ်းများက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အထက(၁၄)၊ အထက(၂၂)နှင့် အထက(၂၃)တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံ အထက(၂)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကြီး အထက(၃)တို့တွင် လည်းကောင်း အသိပညာပေးဆောင်ရွက်ခဲ့ပြီး ဆရာ ဆရာမများကလည်း စိတ်ဝင်တစား မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်တန်းမြို့၌ ပုစွန်မွေးမြူရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

**ကျောက်တန်း မတ် ၂၃**

ပုစွန်မွေးမြူရေး နည်းပညာပေး သင်တန်းကို ယမန်နေ့နံနက် ၁၀ နာရီက ကျောက်တန်းမြို့နယ် ရှမ်းချောင်းကျေးရွာ အထက ကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

**ဟောပြောပို့ချ**



အဆိုပါ အခမ်းအနားတွင် သန်လျင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးခင်ဝင်း၊ ကျောက်တန်းပုစွန်သားဖောက်စခန်း တာဝန်ခံ ဦးရဲဝင်းသောင်းနှင့် ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူ ၂၂ ဦး တက်ရောက်ကြပြီး ကျောက်တန်းပုစွန်သားဖောက်စခန်းမှ စခန်းတာဝန်ခံ ဦးရဲဝင်းသောင်းက ရေငန်ပုစွန်မွေးမြူရေးနှင့်ပတ်သက်၍ မြေနေရာရွေးချယ်ခြင်း၊ ပုစွန်အသားတိုးမွေးမြူနည်း စနစ်များကို ဟောပြောပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၂၃**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မတ် ၂၃**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၂-၃-၂၀၂၃ ရက်မှအဆက်

ကိုအေးဆွေက စိတ်ပါလက်ပါဖြင့် အားပါးတရ ပြောချလိုက်သည်။ ထို့နောက် သူသည် ခင်သန်းဌေး ထံမှ တုံ့ပြန်ပြောဆိုဦးမည့်အခြေအနေကို အကဲခတ်နေလေသည်။

ခင်သန်းဌေးကမူ ရှေ့တူရူရှိ စက်ဝိုင်းသဏ္ဍာန် ပိဋကတ်တိုက် အဆောက်အအုံကြီးဆီသို့ ခပ်ငေးငေး ကြည့်နေရာမှ –

"ကိုအေးဆွေရယ်၊ ရှင်ပြောလိုက်တာကတော့ မစားရ ဝခမန်းပဲ။ ဌေးဖြင့် ကိုအေးဆွေအစား ရင်မောလိုက်တာ"

"ဌေးဌေးအနေနဲ့တော့ ရင်မောစရာပေါ့။ ကျွန်တော့်အနေနဲ့ကတော့ စိတ်ဝင်စားပြီး စိတ်အားထက်သန်နေတော့ ဖြစ်မယ်လို့ထင်တယ်။ မဖြစ်ဖြစ်အောင်လည်း လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ချထားတယ်"

"ဒီလိုဆိုတော့ ကိုအေးဆွေဟာ ဒီစုပေါင်းလုပ်ငန်းကို သွားလုပ်ဖို့ သေချာနေပြီပေါ့"

ခင်သန်းဌေးသည် ကိုအေးဆွေကိုစိုက်ကြည့်ရင်း ပြောလိုက်ရာ ကိုအေးဆွေကလည်း သူ့ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်၏။

"ဒီလိုဆိုရင် ကိုအေးဆွေကို ဌေးအနေနဲ့ နောက်ဆုံး အကြံပေးချင်တယ်။ ဘာလဲလို့ဆိုရင် ကိုအေးဆွေဟာ ဟိုမှာတုန်းက ဒီကို အလုပ်သွားရှာမယ်လို့ ဌေးဆီလာနှုတ်ဆက်တုန်းကလည်း ကိုအေးဆွေကို ဌေးပြောခဲ့ဖူးတာ မှတ်မိမှာပေါ့။ ကိုကံညွန့်တို့လို ကျောင်းဆရာသင်တန်း လျှောက်ပါလို့။ ဒီတုန်းကလည်း ကိုအေးဆွေဟာ ဌေးရဲ့အကြံပေးချက်ကို လက်မခံခဲ့ဘူး။ ဇွတ်ထွက်သွားတယ်။ ကဲ ဒီရောက်လာတော့ကော ကိုအေးဆွေပြောသလို ရည်ရွယ်ချက်တွေနဲ့ ပြည့်စုံသလား။ ခုထက်ထိ မည်မည်ရရ အလုပ်မရသေးလို့ မပြည့်စုံသေးဘူး မဟုတ်လား"

ကိုအေးဆွေကမူ ဘာမျှမပြောပေ။ တွေ၍နေသည်။

"ကဲ ခုတစ်ခါ လာပြန်ပြီ။ အခုလုပ်ငန်းကလည်း ဘယ်တော့အောင်မြင်မယ်ဆိုတာ တိတိကျကျ ပြောမရနိုင်တဲ့လုပ်ငန်း၊ မရေရာတဲ့စီမံကိန်းတစ်ခုပဲ ကိုအေးဆွေ။ ဒီမှာနေပြီး အလုပ်ဆက်ရှာတာကမှ တစ်နေ့မဟုတ်တစ်နေ့ ရဦးမယ်။ ခု မရသေးလည်း ကိုယ့်မှာ ဘာမှသိပ်ပြီး အကျိုးမထိခိုက်နိုင်သေးဘူး။ ဟိုလုပ်ငန်းသွားလုပ်တာက တကယ်လို့ မအောင်မြင်ရင် အများမှာ ထိခိုက် အကျိုးယုတ်ရသလို ကိုအေးဆွေမှာလည်း အချိန်ကုန် လူပန်းဖြစ်ပြီး နာမည်ပျက်သွားမှာ။ ဌေးပြောတာတွေကို သေသေချာချာ စဉ်းစားပါနော်"

ခင်သန်းဌေးသည် သူ့စကားဆုံးလျှင် ကိုအေးဆွေကို အကဲခတ်သလို ကြည့်နေသည်။ ကိုအေးဆွေကလည်း သူ့ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘိအလား ဆိုပြန်သည်။

"ကျွန်တော့်အပေါ် ဒီလို ဌေးဌေးက စေတနာတွေထားပြီး အကြံဉာဏ်ပေးတာကို ကျွန်တော် ဝမ်းသာလို့ မဆုံးပါဘူး။ ဒါပေမဲ့ ကျွန်တော် ဆုံးဖြတ်ချက်တွေ ပြန်မပြင်နိုင်တာကိုတော့ ဝမ်းနည်းပါတယ်။ ဌေးဌေးရဲ့ အကြံပေးချက်တွေ လက်မခံတာကို ခွင့်လွှတ်ပါ"

ခင်သန်းဌေးသည် သူ့အား တောင်းပန်သလိုလို ဟန်ပန်ဖြင့် ပြောဆိုနေသော ကိုအေးဆွေကို အသာ ကြည့်နေသည်။ ရင်ထဲမှာလည်း အမည်မဖော်တတ်သော ဝေဒနာတစ်ခုက အလိုလို ခံစားလာသည်။ နှစ်ဦးလုံးမှာ စကားပြတ်သွားပြီးလျှင် အတွေးကိုယ်စီဖြင့် ဖြစ်နေကြလေသည်။

အတန်ကြာမှ ခင်သန်းဌေးသည် နေရာပြင်ထိုင်၍ အညောင်းဆန့်ရင်း လက်မှနာရီကို ကြည့်လိုက်သည်။ နာရီလက်တံများသည် ညနေပိုင်း ၄ နာရီကျော်ကို ပြနေသည်။ ပြန်ရန် အချိန်တန်ပေပြီ။

"ကဲ ကိုအေးဆွေ၊ ရှင်ဘယ်လိုဆုံးဖြတ်ချက်တွေ ချထားပေမယ့် ဌေးအနေနဲ့တော့ တားမြစ်သင့်ရင် တားမြစ်ရမှာပဲ။ ဒါနဲ့ နေပါဦး၊ ကိုအေးဆွေ ဟိုကို ဘယ်နေ့လောက်သွားမယ်လို့ ရည်ရွယ်ထားသလဲ"

"ကျွန်တော် လာမယ့်အပတ် တနင်္လာနေ့မှာ သွားမယ်လို့ သတ်မှတ်ထားတယ်"

"ဒီလိုဆိုရင် တစ်ပတ်လုံးလုံး အချိန်ရှိသေးတာပဲ။ ဒီတော့ ကိုအေးဆွေ၊ ဒီတနင်္လာနေ့မတိုင်မီအတွင်းမှာ သေသေချာချာ လေးလေးနက်နက် စဉ်းစားပါဦး။ နောက်တနင်္ဂနွေနေ့မှာ ထပ်ပြီး ဌေးနဲ့ တွေ့ကြသေးတာပေါ့နော် ကိုအေးဆွေ။ ဌေးတော့ ကိုအေးဆွေ ခုလိုသွားတယ်ဆိုရင် ဘာပဲဖြစ်ဖြစ် တအားလျှော့သွားတာတော့ အမှန်ပဲလေ"

ခင်သန်းဌေး၏စကားက ဤတွင် အဆုံးသတ်သွားသည်။ အသံကလည်း ဝမ်းနည်းဆွေးမြည့်၍ တုန်တုန်ယင်ယင်လေး ဖြစ်နေသည်။ ထို့နောက် သူသည် ရှေ့တူရူ မိုးကောင်းကင်ပြင်ဆီသို့ ညိုးနွမ်းသောမျက်နှာဖြင့် ငေးမျှော်ကြည့်နေလေသည်။

ဤသည်ကို မြင်လာရသောအခါ ကိုအေးဆွေတွင် အလိုလို ဝမ်းနည်းလာသလို ဖြစ်လာသည်။ မိမိ ပြန်သောအခါ မျက်စိသငယ်နှင့် ကျန်ရစ်ခဲ့မည့် ခင်သန်းဌေးအား အလိုလို ကြင်နာစိတ်တွေပွားကာ သနားလာသည်။ သည်လိုဆိုပြန်တော့လည်း ကိုအေးဆွေမှာ မိမိဆုံးဖြတ်ချက်များကို ပြင်ရင် ပြင်ရဦးမှာလားဟူသော အတွေးများက ဝင်လာပြန်သည်။

ယခုကဲ့သို့ ခင်သန်းဌေးက မပြန်ရန် အပြင်းအထန် ကန့်ကွက်နေသလို အစ်ကိုဝမ်းကွဲဖြစ်သူ ကိုအောင်ဖေကလည်း သူ့အားဖွင့်ပြောစဉ်က မပြန်ရန်သာ တားမြစ်ခဲ့သည်။ ယခုထိ ပြန်မည်ဆိုသည်ကို လုံးလုံးသဘောမတူဘဲ ကန့်ကွက်ဆဲ ရှိသေးသည်။

"ငါတော့ မင်း ဘယ်လိုပြောပြော ပြန်မလုပ်စေချင်ဘူး။ ဒီလို စုပေါင်းလုပ်ရရင် တစ်ယောက်တစ်ပေါက်နဲ့ ဖြစ်မယ်မထင်ပါဘူးကွာ။ ခဏလေးနဲ့ ပျက်သွားမှာပါ" ဟူ၍ တစ်မျိုး။

"ကဲ အေးဆွေ၊ မင်းကို ငါ ရှင်းရှင်းပြောရရင် မင်းလုပ်ငန်းကို သဘောမတူဘူး။ မအောင်မြင်တော့ မင်းသာ အမောအဖတ်တင် နာမည်ပျက်ရုံပဲရှိမှာ။ ပြီးတော့ ဒီမှာ အခွင့်အရေးပေါ်တာနဲ့ အလုပ်ရဖို့ဟာလည်း အဲဟိုမှာ သက်သက်အချိန်သွားဖြုန်းပစ်လိုက်သလို ဖြစ်သွားမှာကိုလည်း မင်းတွေးမိရဲ့လား" ဟူ၍ တစ်ဖုံ။

"နောက်ပြီး မင်းကို အရပ်ကလူတွေကလည်း အလုပ်ကလေးတစ်ခုမှ ရအောင်မရှာနိုင်တဲ့ လူညံ့တစ်ယောက်လို့ တစ်ယောက်တစ်ပေါက်နဲ့ ပြောကြမှာ။ အပေါက်အစများတဲ့ လူအများကို စုစည်းခေါင်းဆောင်ပြီး လုပ်ခဲ့ရိုးစဉ်လာ မရှိခဲ့ဖူးသေးတဲ့ စုပေါင်းထန်းလုပ်ငန်းကို လုပ်မယ်၊ လုပ်ဖို့ပြန်လာတယ်ဆိုရင် အလုပ်မရှိ ချစ်တီးခေါင်း သန်းရှာဆိုသလို လုပ်တာပါကွာလို့ ဝိုင်းပြီး ဟားကြမှာ၊ အထင်အမြင်သေးကြမှာကိုကော မင်း စဉ်းစားမိရဲ့လား" ဟူ၍ တစ်သွယ်။

"ဒီတော့ ငါ့အနေနဲ့ သားချင်းဆွေမျိုးတစ်ယောက်ရဲ့ ကူညီရမယ့်ဝတ္တရားအတိုင်း မင်းကို အစွမ်းကုန် တတ်နိုင်သလောက်ကူညီဖို့ ဝတ္တရား ငါ့မှာရှိတယ်။ မင်း အလုပ်မရမချင်း တို့အိမ်မှာစားနေ၊ ဘာမှ အားနာနေစရာ မလိုပါဘူးကွာ၊ ဟုတ်လား" ဟူ၍ စသဖြင့် ကိုအောင်ဖေ၏ အမျိုးမျိုးအဖုံဖုံ ဖျက်ဆီးတားမြစ်ချက်များကိုပါ ဖျတ်ခနဲ ကြားယောင်လာသည်။ အလေးအနက်လည်း စဉ်းစားလာမိ၏။

ကိုအောင်ဖေကမူ ဆွေမျိုးသားချင်းလည်း ဖြစ်ပြန်၊ ရန်ကုန်တွင် မိမိ အလုပ်အကိုင်ရရှိရေးမှာ သူ့အနေဖြင့် တာဝန်ခံခေါ်ခဲ့သည်မို့ ယခုလို အလုပ်မရဘဲ ပြန်သွားမည်ဆိုပါလျှင် သူ့အနေဖြင့် တာဝန်မဲ့ရာ ကျရောက်မည်ကို ထင်မည်စိုးသဖြင့် ကန့်ကွက်နေသည်မှာ သဘာဝကျပေသည်။

ယခုလို ခင်သန်းဌေးတစ်ယောက်က အပြင်းအထန် ကန့်ကွက်နေသည်မှာတော့ ဘာသဘောနည်း။ ငါမရှိတာနှင့် သူကဘာကြောင့် တအားလျှော့ရသနည်း။

"ကဲ ဌေးတို့ ပြန်ကြရအောင်"

ငိုင်၍ ချာချာလည်အောင် တွေးနေမိသော ကိုအေးဆွေမှာ ခင်သန်းဌေး၏ ပြန်ရန် သတိပေးလိုက်သံကြောင့် ဆတ်ခနဲဆိုသလို သတိရှိလာတော့သည်။ ယခုတော့ ကိုအေးဆွေသည် သူ၏ ပြန်ရန်ဆုံးဖြတ်ချက်ကို ပြင်ရကောင်းနိုးနိုးဖြင့် သဘာဝမကျတော့ပေ။

[ ၁၆ ]

စိမ်းလဲ့ ပြာမှိုင်းနေသော ပုပ္ပားတောင်ကြီးအား မြင်လိုက်ရလျှင်ပင် ကိုအေးဆွေ၏ရင်သည် အလိုလို အေးမြ၍သွားလေသည်။

တကယ်တော့လည်း ကိုအေးဆွေသည် ဤပုပ္ပားတောင်ကြီး၏ ခြေရင်းဝယ် မွေးလာသူပီပီ ငုတ်တုတ် ထိုင်နိုင်သည့် အရွယ်မှစ၍ သည်ပုပ္ပားတောင်ကြီးအား မြင်နေရသည်။ ထို့ကြောင့်လည်း ပုပ္ပားတောင်ကြီးသည် သဘာဝမိခင်ကြီးလို ဖြစ်ခဲ့သည်။ ခရီးဝေးကပြန်လာတိုင်း အမေ၊ အဖေတို့၏ ရင်ခွင်အောက်မှာ လဲလျောင်းလိုက်ရလျှင် တစ်ခါတည်း အမောပြေကာ စိတ်လက် ကြည်ရွှင်ချမ်းမြေ့၍သွားသလို ဤပုပ္ပားတောင်ကြီးအားလည်း ခရီးတော်တော်ဝေးမှ မြင်လိုက်ရသည်ဆိုလျှင်ပင် "ကိုယ့်အိမ်ကိုယ့်ယာသို့ ရောက်ပါပေါ့လား" ဟူသော အသိစိတ်ကလေးက ရုတ်ခြည်းဝင်လာပြီး စိတ်အေးသွားရစမြဲပင်။

နံနက်ခင်း နေရောင်ခြည်နုနုသည် ပြာမှိုင်းမှိုင်း ပုပ္ပားတောင်ကြီးအား ဆလိုက်မီးမောင်းကြီးများဖြင့် ထိုးထားဘိအလား တစ်တောင်လုံးသို့ ဖြာ၍ကျနေသည်။ အချို့နေရာများတွင် နေရောင်ခြည်ဝါနုနုက စိမ်းလဲ့ရောင် တောင်သားမြေကို ထိုးလိုက်သည့်အခါတိုင်း ခရမ်းရောင်သို့ ပြောင်းလဲ၍ သွားနေသည်။

ပုပ္ပားတောင်ကြီးအား မမြင်ရသည်မှာ လပေါင်းများစွာ ကြာညောင်းလာပြီမို့လည်း ယခုကဲ့သို့ ထွက်ပြူစ နေရောင်ခြည်နုနုအောက်တွင် ကြည့်ရသည်ကို ကြည့်၍မဝ၊ ရှု၍မဆုံးနိုင်လောက်အောင် ဖြစ်နေတော့သည်။

အမှန်တော့ ကိုအေးဆွေသည် ဆရာကြီးဦးလှဒင် အိမ်သို့ရောက်နေသည်မှာ ညကတည်းက ဖြစ်၏။ မီးရထားသည် ကျောက်ပန်းတောင်းဘူတာသို့ ညမှောင်မှ ရောက်သည်ဖြစ်ရာ ရွာထိအောင် မသွားတော့ပေ။ အမှန်ကလည်း စုပေါင်းထန်းလုပ်ငန်းအတွက် ဆရာကြီး ဦးလှဒင်နှင့် ဦးစွာတွေ့၍ အလွန်စကားပြော ဆွေးနွေးချင်နေသည် မဟုတ်လား။

ထိုကြောင့်လည်း ကိုအေးဆွေသည် ဆရာကြီး ဦးလှဒင်နှင့် တစ်ညလုံးလိုလို ကျေနပ်လောက်အောင် ဆွေးနွေးခဲ့သည်။ ယခု မိုးလင်းမှသာ လက်ပံပင်ရွာသို့ လာခဲ့၏။ ညကဆိုလျှင် ဆရာကြီးဦးလှဒင်မှာ သူ အလွန်လုပ်ချင်နေသော လုပ်ငန်းမျိုးကို လုပ်ရတော့မည်ဖြစ်၍ အားရကျေနပ်စွာဖြင့် စိတ်ရောကိုယ်ပါ ဆွေးနွေးခဲ့သည်။

မြို့တော် ရန်ကုန်၊ အောက်ပုဇွန်တောင် ဘလုပ်မြေရပ်ကွက်ကလေး၌ နေရစဉ်က လေရှူရသည်မှာ မဝတဝ၊ ရှူရပြန်တော့လည်း မစင်နံ့၊ အပုပ်နံ့။ လမ်းထွက်ပြန်တော့လည်း ဓာတ်ဆီနံ့။ ဤသည်များကို မရှူချင်ပေမယ့်လည်း ကိုအေးဆွေမှာ ရှူနေရသည်။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**"ဒီလိုဆိုရင် တစ်ပတ်လုံးလုံး အချိန်ရှိသေးတာပဲ။ ဒီတော့ ကိုအေးဆွေ၊ ဒီတနင်္လာနေ့မတိုင်မီအတွင်းမှာ သေသေချာချာ လေးလေးနက်နက် စဉ်းစားပါဦး။ နောက်တနင်္ဂနွေနေ့မှာ ထပ်ပြီး ဌေးနဲ့ တွေ့ကြသေးတာပေါ့နော် ကိုအေးဆွေ။ ဌေးတော့ ကိုအေးဆွေ ခုလိုသွားတယ်ဆိုရင် ဘာပဲဖြစ်ဖြစ် တအားလျှော့သွားတာတော့ အမှန်ပဲလေ"
ခင်သန်းဌေး၏စကားက ဤတွင် အဆုံးသတ်သွားသည်။ အသံကလည်း ဝမ်းနည်းဆွေးမြည့်၍ တုန်တုန်ယင်ယင်လေး ဖြစ်နေသည်။ ထို့နောက် သူသည် ရှေ့တူရူ မိုးကောင်းကင်ပြင်ဆီသို့ ညိုးနွမ်းသောမျက်နှာဖြင့် ငေးမျှော်ကြည့်နေလေသည်။ ဤသည်ကို မြင်လာရသောအခါ ကိုအေးဆွေတွင် အလိုလိုဝမ်းနည်းလာသလို ဖြစ်လာသည်။ မိမိပြန်သောအခါ မျက်စိသငယ်နှင့် ကျန်ရစ်ခဲ့မည့် . . ."**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၉ စုံ | ၃၄၁ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်– ၃၅– ဘူတာရပ်၊ ဦးပိုင်အမှတ် (၁၁၈)၊ ဧရိယာ(၀.၀၇၇)ဧကရှိ နှစ် (၉၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဟင်္သာတခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဖခင်ဦးအုန်းရွှေ အမည်ပေါက်လျက်ရှိသော နှစ် (၉၀) ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ပိုင်ရှင် ဖခင်ဖြစ်သူ ဦးအုန်းရွှေနှင့်မိခင် ဒေါ်စန်းရီ (ခ) ဒေါ်ကျင်တီတို့ အသီးသီးကွယ်လွန်ခဲ့ရာ သားသမီးများဖြစ်ကြသည့် ၁။ ဦးသန်းစိုး [၁၄/ဟသတ(နိုင်)၀၅၃၈၅၀]၊ ၂။ ဦးလှိုင်စိုး[၁၄/ဟသတ(နိုင်)၀၅၃၈၄၃]၊ ၃။ ဦးသန်းနိုင် [၁၄/ဟသတ(နိုင်)၀၅၃၈၅၁]၊ ၄။ ဒေါ်မိုးသက်ခိုင်[၁၄/ဟသတ(နိုင်)၀၄၆၉၄၉] နှင့် ၅။ ဒေါ်မြင့်မြင့်သန်း [၁၄/ဟသတ(နိုင်)၀၅၃၈၄၉] တို့မှ အမွေဆက်ခံပိုင်ဆိုင်လာပါသည်။ အဆိုပါ အမွေဆက်ခံပိုင်ဆိုင်သူများအနက် ဒေါ်မြင့်မြင့်သန်းမှ ၎င်းအမွေရရှိမည့်အမွေဝေစုအား ခုနှိမ်၍ မိမိတစ်ဦးတည်း ပိုင်ဆိုင်နိုင်ရန်အလို့ငှာ ကျန်အမွေဆိုင် မောင်နှမများအား အမွေဝေစုခွဲဝေပေးအပ်ကာ ဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၀၀၃၁၂၉၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ခရမ်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၇

ဦးအောင်ရွှေ
၁။ဦးလှရွှေ
၂။ ဦးငွေစိုး
၃။ ဦးသန်းဇော်
၄။ ဒေါ်ဌေးဝင်း
၅။ ဒေါ်သဲစု
၆။ ဦးရဲသူအောင်
၇။ဒေါ်အိဝေ

**(တရားလို)** **(တရားပြိုင်များ)**

တနင်္သာရီတိုင်းဒေသကြီး၊ ရေးမြို့နယ်၊ အဏ္ဏဝါ BOC လမ်းတွင် နေထိုင်သူ (၂)တရားပြိုင် ဦးငွေစိုး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်ရွှေက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊၂၀၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်(၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၂ ရက်)နေ့ နံနက် (၁၀း၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲနောင်)**
**မြို့နယ်တရားသူကြီး**
**ခရမ်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂၃–ရပ်ကွက်၊ မြေကွက်အမှတ်–၁၂၆၊ ပေ(၄၀ x ၆၀)ဦးအောင်ကြည် ပါမစ်အမည်ပေါက် [S/OKA-၀၆၇၄၅၁]ထံမှတစ်ဆင့် ဝယ်ယူထားသူ ဦးဝင်းမောင်[၁၃/တကန(နိုင်)၀၇၄၀၆၁]က ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မာလာဝင်း(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၀၁၈၁) (၂၃–၁၂–၂၀၁၄)**
**အမှတ်–၂/၆၀၆၊ သီတဂူလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09–43040755**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ စက်မှုလမ်း၊ မြေတိုင်းအမှတ်(ဠ/၃၆)၊ မြေကွက်အမှတ်(၁၃)၊ အလျား၆၀'xအနံ၆၀'ရှိ ဦးသောင်းကြိုင်(KTD 013264)အမည်ပေါက်မြေချပါမစ်မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဆက်စပ်စာချုပ်များဖြင့် အပြီးအပိုင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားခြင်းဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ ရောင်းထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိပါကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းအပြည့်အစုံဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်သူ** **လွှဲအပ်ချက်အရ–**
**ဦးကျော်ဝင်း** **ဦးသိန်းလှိုင်**
**(LL.B,C.B.L,ADVOCATE)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၁၆၄/၃–၄–၂၀၁၂)**
**တိုက် ၂၂၊ အခန်း(၁၈)၊ ဒုတိယထပ်၊ ဘားလမ်းနှင့်**
**ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၀

MYANMAR CHENGFENG ENGINEERING MACHINERY CO.,LTD (ကုမ္ပဏီ၏ကိုယ်စား Admin MANAGER ဦးကျော်မင်းအောင်) နှင့် စစ်မင်းပိုင်(ခ) စီလျံဖြိုး

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ သုဇာတာလမ်း၊ အမှတ်(၃၀/အာ) နေ တရားပြိုင် စစ်မင်းပိုင်(ခ)စီလျံဖြိုး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုတို့က **"ငွေကျပ်(၄၇၆,၅၇၀,၀၀၀/–)ကုမ္ပဏီပိုင်ကားဖြစ်သော Ford Everest, 2017 Model, (YGN/1Q–8956)ခဲရောင်ကား (သို့မဟုတ်) ကား၏ ကာလတန်ကြေးငွေကျပ် ၁၂၀,၀၀၀,၀၀၀ နှင့် ကားပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကိုရလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၇) ရက် (၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလဆုတ်(၃) ရက်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယဉ်နွယ်ဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း(၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ အိမ်အမှတ်(၈၉၂)၊ အကျယ်အဝန်း(၄၀'x၆၀')ရှိ(၁)ဦးအောင်လင်း၊ (၂)ဦးထွေးညွန့်၊ (၃) ဒေါ်လှမြင့် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ဦးထွေးညွန့်၏ရပိုင်ခွင့်အရ အကျယ်အဝန်း(၁၃'၄''x၆၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိဆောက်လုပ်ထားသော အိမ်နှင့်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော (၁)ဦးမျိုးအေး[၁၂/ဥကတ(နိုင်)၀၆၉၂၉၂]၊ (၂)ဒေါ်ခင်မျိုးမြင့်[၁၂/ဥကတ(နိုင်)၀၁၇၈၇၂]၊ (၃)ဦးမျိုးနိုင်[၁၂/ဥကတ(နိုင်)၀၆၈၂၃၆]၊ (၄)ဦးမျိုးသက်ထွေး [၁၂/ဥကတ(နိုင်)၀၁၇၈၇၃]၊ (၅)ဦးမျိုးသန့်အောင် [၁၂/ဥကတ(နိုင်)၁၂၅၇၁၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သူဇာငြိမ်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၀၁)**
**အမှတ်(၇၉၃)၊ စာ၀(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၁၃၁၂၀၃၊ ၀၉–၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)၊ ၁၅၅–လမ်း၊ အမှတ်(၃၉)၊ မြေညီထပ် (ခြေရင်း)ခန်းကို ကျွန်ုပ်မိတ်ဆွေ ဒေါ်နီလာ [၁၂/လကန(နိုင်)၂၁၉၄၃၀] က (၅–၁၁–၂၀၂၂)ရက်နေ့တွင် ကန်ထရိုက်တာ ဦးလှမြင့်ဦးထံမှ ဝယ်ယူခဲ့ရာတွင် မြေရှင် ဦးခင်မောင်မြင့်မှ လက်မှတ်ရေးထိုး ပေးခဲ့ကြောင်းနှင့် အဆိုပါ စာချုပ်မူရင်းကို ဒေါ်သန်းသန်းဝင်း [၁၂/လကန(နိုင်)၀၃၈၃၃၇]ထံ အပ်နှံထားရာမှ ပျောက်ဆုံးသွားပါကြောင်း ညွှန်ကြားချက်အရသိရပါသည်။ ကျွန်ုပ်မိတ်ဆွေထံတွင် အဆိုပါ စာချုပ်မိတ္တူသာကျန်ရှိနေပါသည်။

တိုက်ခန်းရောင်းချခဲ့သူနှင့် မြေရှင်တို့ထံ သွားရောက်အသိပေး ညှိနှိုင်းရာတွင် စာချုပ်ထပ်မံချုပ်ဆို လက်မှတ်ရေးထိုးပေးကြမည်ဖြစ်၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းကို ယူဆောင်လာပြီး၊ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဒေါ်နီလာမှ တိုက်ခန်းဝယ်ယူသည့်စာချုပ် (မူရင်း)ကို ချုပ်ဆိုရယူမည်ဖြစ်ပါကြောင်း ကြော်ငြာအသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီလာ** **ဒေါ်စန်းစန်းရီ**
**[၁၂/လကန(နိုင်)၂၁၉၄၃၀]** **တရားလွှတ်တော်ရှေ့နေ (စဉ်–၆၅၇၈)**
**အခန်း(၁)၊ လှအေးမိုးမြင့်ဖောင်ဒေးရှင်း**
**ခြံဝင်းဆိုင်ခန်းတွဲများ၊ နှင်းဆီကုန်းလမ်း၊**
**(က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။**
**ဖုန်း–၀၉–၄၂၅၀၂၀၄၁၅၊ ၀၉–၉၇၇၇၃၁၀၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ် (၄၄)ဟုခေါ်တွင်သော အလျား (၃၃)ပေxအနံ (၉၀)ပေ မြေနှင့် မြေပေါ်ရှိ နေအိမ်များသည် ကွယ်လွန်သူ–ဒေါ်ဟဝါဘီ(N/RGN–၀၀၃၀၆၄)မှ ပိုင်ဆိုင်ကျန်ခဲ့သော အိမ်မြေဖြစ်ကြောင်းနှင့် ဒေါ်ဟဝါဘီ၏ သားသမီး(၅) ဦးတို့က ဆက်လက်ပိုင်ဆိုင်ကြပါကြောင်း ညွှန်ကြားချက်အရ သိရပါသည်။

အဆိုပါမြေပေါ်တွင် ဒေါ်ဟဝါဘီ၏ သားသမီး(၅)ဦးတို့က အခန်းပေး/အခန်းယူစနစ်ဖြင့် ကန်ထရိုက်ပေး၍ အထပ်မြင့်တိုက်(၂)လုံး(ရှေ့–နောက်) ဆောက်လုပ်မည်ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဆိုပါက ဤကြော်ငြာပါရှိသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်သည့် စာချုပ်စာတမ်းမူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအသိပေးအပ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ(၅)ဦး** **လွှဲအပ်ညွှန်ကြားချက်အရ–**
**၁။ ဒေါ်ခင်ခင်စိုး (TGKN–၀၅၃၁၄၀)** **ဒေါ်စန်းစန်းရီ**
**၂။ ဦးမျိုးအောင် [၁၂/သဃတ(နိုင်)၁၄၉၀၈၄]** **တရားလွှတ်တော်ရှေ့နေ**
**၃။ ဒေါ်ဥမ္မာမြင့် [၁၂/သဃက(ပြု)၀၀၃၄၂၈]** **(စဉ်–၆၅၇၈)**
**၄။ ဦးဘုန်းမြင့် [၁၂/သဃက(နိုင်)၁၅၀၆၉၅]** **အခန်း(၁)၊ လှအေးမိုးမြင့်**
**၅။ ဦးတင်စိုး [၁၂/သဃက(ပြု)၀၀၁၀၄၂]** **ဖောင်ဒေးရှင်းခြံဝင်းဆိုင်ခန်းတွဲများ၊**
**နှင်းဆီကုန်းလမ်း၊ (က)ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်။**
**ဖုန်း–၀၉–၄၂၅၀၂၀၄၁၅၊ ၀၉– ၉၇၇၇၃၁၀၅၅**

## (၁၉–၃–၂၀၂၃)နေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ(၂၄)တွင် တရားလွှတ်တော်ရှေ့နေ ဒေါ် မေရည်စိုးဦး က ကန့်ကွက်နိုင်ပါသည်ဟု ဖော်ပြကြေညာထားသော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်(၇)လမ်း၊ ရန်အောင်အိမ်ရာ(၂)ခန်းတွဲ၊ (၈)ထပ်တိုက်၊အခန်းအမှတ်(၄၀၂)၊ စတုတ္ထထပ်၊ ကွန်ဒိုတိုက်ခန်းအား ဦးကျော်စွာလင်းခင် (၁၄/ပသန(နိုင်)၁၆၄၈၄၆)ထံမှ ဝယ်ယူမည့်ကိစ္စအတွက် တရားဝင်ကန့်ကွက်ကြောင်း ကြေညာချက်

အထက်ပါကိစ္စအတွက် ရာဇာဘွားဆောက်လုပ်ရေးနှင့်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၊ ဒုတိယဥက္ကဋ္ဌဦးထိန်လင်း (၁၂/ပဘတ(နိုင်)၀၂၀၄၇၀) ၏ လွှဲအပ်တာဝန်ပေးချက်အရ ကြေညာလိုသည်မှာ –

၁။ အထက်ခေါင်းစဉ်ပါ တိုက်ခန်းအမှတ်(၄၀၂)အပါအဝင် အဆိုပါတိုက်မှ တိုက်ခန်း(၈)ခန်းအား ရာဇာဘွားဆောက်လုပ်ရေးနှင့်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်က သက်ဆိုင်ရာဌာနမှ သတ်မှတ်သည့်တန်ဖိုးဖြင့် ဝယ်ယူခွင့်လျှောက်ထားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တရားဝင်ဝယ်ယူခွင့် ရရှိခဲ့သော အခန်းများဖြစ်ပါသည်။

၂။ ထိုအခန်း(၈)ခန်းအတွက် ငွေများပေးသွင်းသည့်အချိန်က မိတ်ဖက်ကုမ္ပဏီဖြစ်သော လွင်ရာဇာကုမ္ပဏီအမည်ဖြင့် ပေးသွင်းခွင့်ပြုပါရန် သက်ဆိုင်ရာဌာနသို့ စာဖြင့်တင်ပြပြီး လွင်ရာဇာကုမ္ပဏီအား ငွေများပေးသွင်းခွင့် ပြုထားခဲ့သည်မှလွဲ၍ ထိုတိုက်ခန်း(၈)ခန်းအတွက် လွှဲပြောင်းရောင်းချခြင်းအပါအဝင် အခြားသော မည်သည့်လုပ်ပိုင်ခွင့်ကိုမျှ ရာဇာဘွားဆောက်လုပ်ရေးနှင့်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်အနေဖြင့် ခွင့်ပြုထားခြင်း၊ လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်း လုံးဝ(လုံးဝ)မရှိပါ။

၃။ ထိုသို့လွှဲအပ်တာဝန်ပေး ခွင့်ပြုထားခြင်းမရှိပါဘဲ လွင်ရာဇာကုမ္ပဏီက ၎င်း၏သဘောဆန္ဒအရ အခန်းအမှတ်(၄၀၂)အပါအဝင်အခန်း(၈)ခန်းကို လွှဲပြောင်းရောင်းချခြင်း၊ အခန်းပိုင်ဆိုင်ခွင့် (Owner Book)များ ထုတ်ယူထားခြင်းစသည့် ဆောင်ရွက်ချက်များသည် ထိုအခန်းများအား တရားဝင်ဝယ်ယူခွင့်ရရှိထားသော ရာဇာဘွားဆောက်လုပ်ရေးနှင့်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်နှင့် လုံးဝသက်ဆိုင်မှုမရှိပါ။

၄။ ရာဇာဘွားဆောက်လုပ်ရေးနှင့်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်အမည်ဖြင့် တရားဝင်ဝယ်ယူခွင့်ရရှိထားသော အခန်းအမှတ်(၄၀၂)အပါအဝင်(၈)ခန်းအတွက် လွင်ရာဇာကုမ္ပဏီမှ ခေတ္တစိုက်ထုတ်ပေးသွင်းထားသော ငွေကြေးများကိစ္စသည် လွင်ရာဇာကုမ္ပဏီနှင့် ရာဇာဘွားဆောက်လုပ်ရေးနှင့်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်တို့အကြား ဥပဒေနှင့်အညီ ဖြေရှင်းရမည့် သီးခြားကိစ္စရပ်ဖြစ်ပါလျက် ဖြေရှင်းခြင်းမပြုဘဲ တိုက်ခန်း(၈)ခန်းကို လွင်ရာဇာကုမ္ပဏီ၏သဘောဆန္ဒအရ လွှဲပြောင်းရောင်းချမှုသည် တရားမဝင်ပါ။

၅။ အခန်းအမှတ်(၄၀၂)ကိုလည်း ရာဇာဘွားဆောက်လုပ်ရေးနှင့်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်က ဦးကျော်စွာလင်းခင် ထံသို့ လွှဲပြောင်းရောင်းချထားခြင်းမရှိသောကြောင့် လွင်ရာဇာကုမ္ပဏီမှ ဝယ်ယူထားသူ ဦးကျော်စွာလင်းခင် ၏ပိုင်ဆိုင်မှုသည် တရားမဝင်ပါသဖြင့် ၎င်းထံမှဆက်လက် ဝယ်ယူသူသည်လည်း တရားဝင်အတည်မဖြစ်ပါ။

၆။ အခန်းအမှတ်(၄၀၂)အပါအဝင်အခန်း(၈)ခန်းအား လွင်ရာဇာကုမ္ပဏီမှ ရောင်းချထားမှု၊ အခန်းပိုင်ဆိုင်ခွင့် (Owner Book)ထုတ်ယူထားမှုများအား ဖျက်သိမ်းနိုင်ရေးအတွက် ရာဇာဘွားဆောက်လုပ်ရေးနှင့်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်မှ ဥပဒေနှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ တိုက်ခန်းဝယ်ယူသူများ ထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် တရားဝင် အသိပေးကန့်ကွက် ကြေညာအပ်ပါသည်။

လွှဲအပ်တာဝန်ပေးချက်အရ –
**ဒေါ်ချိုချိုမြင့် ( LL . B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၅၇၅)**
အမှတ်(၄၀)၊ ပတ္တမြားလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
**09-5074650 , 09-765074650**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၄၅)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ အကျယ်အဝန်း(၄၁x၆၀)ပေ၊ ဧရိယာ(၀.၀၅၆)ဧကရှိ ဒေါ်နန်းညွန့်မေ [၁၃/တကန(နိုင်)၀၈၅၇၀၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် တွယ်ဆက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်အမည်ပေါက်ပိုင်ဆိုင်လက်ရှိထား၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံပြောဆိုသည့် မြေအမည်ပေါက်ဖြစ်သူထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပါ၍ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား မူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးယဉ်ထွန်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၅၁)**
**တိုက်ခန်း၊ အိမ်ခြံမြေ အရောင်းအဝယ်စာချုပ်စာတမ်းအထူးဝန်ဆောင်မှု**
**ရုံးခန်း–အမှတ် (၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း– ၀၉–၄၂၁၁၀၂၅၆၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ ရွှေပေါက်ကံ ရန်ကုန်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ် (၁၀၀၁) ဟုခေါ်တွင်သော ဗိုလ်မှူးလင်းမြိုင်အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ) အနက်မှ (ပေ ၂၀x ပေ ၆၀)ရှိ (ခေါင်းရင်းခြမ်း)၊ ဝင်းခြံမြေနှင့် ယင်းဝင်းခြံမြေပေါ် ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချသူ ဒေါ်ကြူကြူခိုင် [၁၂/ရကန(နိုင်)၀၁၄၆၅၈] က အရောင်းအဝယ်အရပ်စာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိ/လက်ဝယ်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဆုဆုသာက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ဝင်းခြံမြေနှင့် ယင်းဝင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သတ်သော ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသော (မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဆုဆုသာ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇင်လင်းအောင် ( LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၁၇၄၄)**
**အမှတ်(၁၅–A)၊ မြေညီထပ်၊ ရိပ်သာလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–986252417, 09–400462518**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသက်ခိုင်
### အသက်(၇၀)

နေပြည်တော် တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်နေ (ဦးမောင်ပု-ဒေါ်ခင်လှ)တို့၏သားဖြစ်သူ စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)မှ သူငယ်ချင်း ဦးသက်ခိုင်သည် ၂၂-၃-၂၀၂၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန့်စင်(ခ)William Sai Nyunt
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဒေါ်တင်မေလတ်၏ ချစ်လှစွာသော ခင်ပွန်း ဦးသန့်စင်(ခ) William Sai Nyunt သည် ၂၃-၃-၂၀၂၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း**

## ဒေါ်မြတ်နွယ်
### အသက် (၇၈) နှစ်

ကွယ်လွန်သူ ဦးတင်မောင်[ညွှန်ကြားရေးမှူးချုပ်၊ ပင်စင် ဦးစီး ဌာန(ငြိမ်း)]၏ ဇနီး၊ မောင်မျိုးသက်တင်၊ မောင်ဘုန်းသက်တင်၊ မစန္ဒီတင်မောင်တို့၏ ချစ်လှစွာသော မိခင်၊ မြေး (၂)ယောက်၏ဘွားဘွားကြီး ဒေါ်မြတ်နွယ် အသက်(၇၈)နှစ်သည် (၂၃-၃-၂၀၂၃) ညနေ ၆:၄၃ နာရီတွင် ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် (၂၅-၃-၂၀၂၃) နံနက်ပိုင်းတွင် အေးရိပ်ငြိမ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသောမတ် (ALBERTINANS)
### လားရှိုး၊ ရှမ်းပြည်နယ်
### အသက်(၇၆)နှစ်

ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်နေ [ဦးလူဇီဖန်(ခ) လျှိုရှင်ဖန်-ဒေါ်လျှောက်မိုက်ရွှင်]တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၆၀၄/၃၅)နေ ဒေါ်ရွှေမြ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစိုင်းကျော်လွင်-ဒေါ်လှဲ့လှဲ့ဝင်း၊ ဒေါ်ကြူကြူဝင်း (Allen & Gledhill)၊ ဒေါ်ယုယုသျှမ်း၊ ဦးလှိုင်မင်းဝင်း၊ ဒေါ်ဟန်နီလျှူး(ခ)ယုံယုံ၊ ဦးသိန်းအောင်-ဒေါ်စုလှဲ့လှဲ့ဖြူ (PWC)တို့၏ ချစ်လှစွာသောဖခင်၊ မြေး သုံးယောက်တို့၏ အဘိုးသည် ၂၂-၃-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၂၃ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ တရုတ်ယူနန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်ဆန်း
### Managing Director
### (CROWN EDUCATION & Royal Academic Institute)
### အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးလှသိန်း)-ဒေါ်တင်ရှိန်တို့၏ သားငယ်၊ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်နေ ဦးကျော်မင်း-ဒေါ်သန်းရီတို့၏ သားသမက်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်နေ (ဦးငွေအောင်)-ဒေါ်မြရီ၊ ရန်ကုန် မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးငွေသန်း-ဒေါ်စန်းစန်းလွင်၊ ဦးကျော်မင်းဦး၊ ဒေါ်ဝင်းဝင်းစိုးတို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်သန်းငွေ(ခ)ဒေါ်ဒေစီ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်လရောင်မင်း @ Louis၊ မောင်တာရာလင်း @ Deniel တို့၏ ကျေးဇူးရှင်ဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေး CROWN EDUCATION & Royal Academic Institute ၏ Managing Director ဦးအောင်ကျော်ဆန်းသည် ၂၂-၃-၂၀၂၃ ရက် India စံတော်ချိန် ည ၈:၂၀ နာရီတွင် India နိုင်ငံ Hyderabad မြို့ AIG Hospital ၌ Amyloidosis ရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကျောင်းသူ/ကျောင်းသားများနှင့် မိဘများအား ကျန်ရစ်သူမိသားစုမှ ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။ (နာရေးအစီအစဉ်များအား ထပ်မံအသိပေး အကြောင်းကြားပေးပါမည်။)

ကျန်ရစ်သူမိသားစုနှင့်
CROWN EDUCATION & Royal Academic Institute မိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယကာကြီး
## ဦးသန့်စင် (ခ) William Sai Nyunt
### အသက် (၈၄) နှစ်

လားရှိုးမြို့၊ ရပ်ကွက် (၃)နေ၊ (ဦးစံကော်-ဒေါ်နန်းရွှတ်)တို့၏သားကြီး၊ ပြင်ဦးလွင်မြို့နေ (ဦးရုတ်-ဒေါ်ကျင်မေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် (၂၈/၅)၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်နေ ဒေါ်တင်မေလတ်၏ ချစ်လှစွာသောခင်ပွန်း၊ မဝတ်ရည်သန့်၊ မောင်ကျော်စင်လတ်-မအိန္ဒြေမင်းမင်း၊ မနှင်းရည်သန့်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ရှစ်ယောက်တို့၏ ချစ်လှစွာသောအဘိုး ဦးသန့်စင်သည် ၂၃-၃-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၁၀:၄၀ နာရီတွင် ဘဝတစ်ပါးသို့ ငြိမ်းချမ်းစွာ ကူးပြောင်းသွားပါသဖြင့် ၂၅-၃-၂၀၂၃ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယကာကြီး
## ဦးသန့်စင် (ခ) William Sai Nyunt
### အသက် (၈၄) နှစ်

လားရှိုးမြို့၊ ရပ်ကွက် (၃)နေ (ဦးစံကော်-ဒေါ်နန်းရွှတ်)တို့၏သားကြီး၊ ပြင်ဦးလွင်မြို့နေ (ဦးရုတ်-ဒေါ်ကျင်မေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် (၂၈/၅)၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်နေ ဒေါ်တင်မေလတ်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်လှ-(ဦးစိုင်းညွန့်)၊ (ဦးထွန်းရင်)-ဒေါ်စန္ဒာလှိုင်၊ ဒေါ်တင်တင်မြ-(ဦးစိုးဝင်း)၊ ဒေါက်တာတင်တင်ငွေ-ဦးကျော်ဦး၊ ဒေါ်တင်တင်ညို-ဦးအောင်နိုင်၊ ဒေါ်တင်တင်ထွန်း-ဦးကိုလေး၊ (ဦးတင်ဝင်း- ဒေါ်တင်ရီ)၊ ဦးတင်ထွန်း-Agatha Wan၊ ဒေါက်တာဦးတင်မြင့်- Ellan Wu၊ (ဦးတင်ညွန့်)-ဒေါက်တာ Daisay Saw၊ (ဦးတင်အောင်)-ဒေါ်စန်းစန်းရီ၊ ဦးတင်စိုး-Nellie၊ ဒေါက်တာဒေါ်တင်မေရီ-ဦးစိန်မောင်တို့၏ ချစ်လှစွာသော အစ်ကို/မောင်/ညီ ဦးသန့်စင် (ခ) William Sai Nyunt သည် ၂၃-၃-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၁၀:၄၀ နာရီတွင် ဘဝတစ်ပါးသို့ ငြိမ်းချမ်းစွာ ကူးပြောင်းသွားပါသဖြင့် ၂၅-၃-၂၀၂၃ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်း/ကျောင်း ဒါယကာကြီး
## ဦးတင်ဝင်း (မော်လမြိုင်)
### (ဒု/ညွှန်မှူး(ဟိုတယ်/ခရီး) (ငြိမ်း)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ လမ်းသစ် (၁)လမ်း၊ အမှတ်(၁၆၀၁/က)နေ (ဦးကြင်ဟုတ်-ဒေါ်မမကြီး)တို့၏သား၊ ဒေါ်အေးအေးသန့်၏ခင်ပွန်း၊ ဒေါ်မျိုးသူဇာနွယ်၊ ဒေါ်ချောကလျာအေး၊ (ဦးဝင်းနိုင်)-ဒေါ်ခိုင်လှဲ့လှဲ့စိုး၊ ဦးမျိုးဝင်းသန့်-ဒေါ်အေးအေးသွယ်၊ ဦးတင်ကိုကို၊ ဦးတင်ညီညီတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ကိုထက်နိုင်ကို၊ မဟေမာန်ဝင်းလှဲ့၊ မရှင်းဝသန်နှင်း၊ မသျှင်သွန်းဆင့်တို့၏အဘိုး ဦးတင်ဝင်းသည် ၂၃-၃-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသောကြောင့် ၂၅-၃-၂၀၂၃ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၃-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီ မှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုး၊ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းဝင်း
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၉)ရပ်ကွက်၊ ဆတ်သွားလမ်း၊ အမှတ် (၅၀၃)နေ (ဦးဘရှင်-ဒေါ်ကျင်ဟိန်)တို့၏သား၊ ဦးဘမြင့်-[ဒေါ်ဝင်းကြည် (လကမ္ဘာဆေးရုံ မိသားစု)]တို့၏သားသမက်၊ ဒေါ်မြဝင်း၏ခင်ပွန်း၊ ကိုတင်ဇော်လင်း- မဆွေဇင်မြင့်၊ ကိုပြည့်ဖြိုးကျော်-မဇာခြည်လင်း၊ ကိုသန်းထွဋ်လင်း-မချမ်းမေတို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုး ဦးသန်းဝင်းသည် ၂၃-၃-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၂၃ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (လကမ္ဘာဆေးရုံမှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြတ်နွယ်
### အသက် (၇၈) နှစ်

ကွယ်လွန်သူ ဦးတင်မောင်၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပင်စင်ဦးစီးဌာန၏ ဇနီး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာမျိုးသက်တင်၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်မြတ်နွယ် အသက်(၇၈)နှစ်သည် (၂၃-၃-၂၀၂၃) ရက်နေ့ ညနေ ၆:၄၃ နာရီတွင် ဆေးတက္ကသိုလ်(မန္တလေး)ရှိ ပါမောက္ခချုပ်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ အောင်မေတ္တာလမ်း၊ မြေကွက်အမှတ် (၁၀၇၇/က) ဟု ခေါ်တွင်သည့် မြေအကျယ်အလျား (၂၀) ပေ x အနံ (၆၀)ပေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အရောင်းအဝယ်ကတိစာချုပ် အဆက်စပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးမြင့်ဇော် [၁၂/မဂတ(နိုင်)၀၀၁၂၇၁] က ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မိုးသီတာ [၁၄/ကခန(နိုင်)၀၈၇၃၃၂] မှ ကမ်းလှမ်းချက်ကို သဘောတူညီသဖြင့် ဝယ်ယူရန်အတွက် တန်ဖိုးငွေ ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤ ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းညွန့်အောင် (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၉၂၆)**
**အခန်း (၃၃)၊ ပထမထပ်၊ STRAND CONDO ၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၀၀ ၂၅၇၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်- ၂၅၇၊ မြေကွက်တည်နေရာအမှတ် (၂၅၇)၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးအေးဖေ(WKA-၀၄၀၈၁၇) နှစ်(၆၀)ဂရန်မြေကို အမည်ပေါက် ဦးအေးဖေနှင့်ဦးအေးဖေ၏(ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဖုံချိုလွမ် (ခ)ဒေါ်မိုး[၁၂/ဥကတ(နိုင်)၁၁၉၂၄၆] တို့ကို တရားပြိုင်ထားကာ ဦးတင်မောင်သိန်း [၁၂/ဥကတ (နိုင်) ၀၆၉၃၇၃]၊ ဒေါ်ညိုညို [၁၂/သဃက (နိုင်)၀၁၁၉၈၁]၊ ဦးတင်အောင်လွင် [၁၂/သဃက(နိုင်)၀၁၅၁၁၂]၊ ဒေါ်ယုယုသိန်း[၁၂/ဥကတ(နိုင်)၁၃၇၂၉၉] တို့မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု စွဲဆိုခဲ့သည့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်- ၄၆၇/၂၀၂၀ (၂၄-၆-၂၀၂၂)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၂၂၃/ ၂၀၂၂(၂၁-၁၂-၂၀၂၂)၏ အမိန့်နှင့် ဘီလစ်ခန့်စာ တို့ကို တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်ခင်ခင်ထွေး [၁၂/တမန (နိုင်)၀၀၆၇၃၈]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၁၄၅၅၊ မြေကွက်တည်နေရာအမှတ် (၁၄၅၅)၊ တပင်ရွှေထီးလမ်း၊ ၄၁ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဒေါ်ခင်ရီ (HGU-၀၀၈၀၀၂) [၁၂/အစန (နိုင်)၀၉၈၀၆၃] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ရီ၏ GP အမှတ် (၃၉၂၆/၂၀၁၆) (၇-၄-၂၀၁၆)ဖြင့်ပါဝါရသူဦးအောင်ကျော်ဦး [၁၂/အစန(နိုင်)၁၁၆၁၇၈]နှင့် ဒေါ်ခင်ရီထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၁၁/၂၀၂၂) (၁၉-၁-၂၀၂၂)ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်မာကြွယ်[၁၂/ဥကတ (နိုင်) ၀၂၅၅၄၅]တို့မှ ဂရန်အရောင်းအဝယ်စာချုပ်မိတ္တူမှန်၊ GP၊ ပါဝါ၊ ကျမ်းကျိန်လွှာ၊ အမြတ်ခွန်ချလန်၊ နိုင်ငံသားကတ်တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် (Portion) မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သင့်
## သွေးဖြင့်
## အသက်
## ကယ်ပါ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်...**

❖ **တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ (Guardian) အဖြစ် ယင်းတာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂-၁၂-၂၀၂၂

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ယနေ့ ဖတ်စရာ**

**တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ကြီးမားသည့်ဈေးကွက်တစ်ခုဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ပြောကြား**


စာမျက်နှာ » ၁၃




**အခန်းဆက်ဝတ္ထုရှည်**

စာမျက်နှာ » ၁၈

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး “ရဋ္ဌနန္ဒက” မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



နေပြည်တော် မတ် ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ “ရဋ္ဌနန္ဒက” ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီး တံခါးပိတ်ဖြစ်ခြင်း၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❂**

## ၂၀၂၄ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်တွင် မြန်မာအသင်း အုပ်စု(ခ) ကျရောက်

ရန်ကုန် မတ် ၂၃

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၄ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် အုပ်စုမဲခွဲပွဲကို မတ် ၂၃ ရက်ကကျင်းပရာ မြန်မာအသင်းသည် အုပ်စု(ခ)တွင် ကျရောက်ခဲ့သည်။

ဒုတိယအဆင့်ခြေစစ်ပွဲတွင် ပထမအဆင့်မှ တက်ရောက်လာသည့် ရှစ်သင်းအား အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုမဲခွဲမှုအရ အုပ်စု(က)တွင် သြစတြေးလျ၊ ဗီယက်နမ်၊ အီရန်၊ လက်ဘနွန်၊ အုပ်စု(ခ)တွင် တရုတ်၊ မြန်မာ၊ နီပေါနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်နေသည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို ဇွန် ၃ ရက်မှ ၁၁ ရက်အထိ

**စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❍**